ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့ (26-2-2013) (၇၄၀၈)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သော မစ္စ ပတ်ဂွန်ဟေးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ၏ သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သော မစ္စ ပတ်ဂွန်ဟေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥရောပသမဂ္ဂအဖွဲ့ဝင် ငါးနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် နော်ဝေ၊ ဖင်လန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံနှင့် အီတလီနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ နံနက် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ခရီးစတင်ထွက်ခွာသွားသည်။**(ဓာတ်ပုံ)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးအောင်ကြည်၊ ဦးသိန်းညွန့်၊ ဦးစိုးမောင်၊ ဦးတင်နိုင်သိန်း၊ ဦးညဏ်ထွန်းအောင်၊ ဦးသန်းဌေး၊ ဦးအေးမြင့်နှင့် ဦးမောင်မြင့်၊ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်အေး၊ ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် နော်ဝေနိုင်ငံသံရုံးမှ Ms. LILLEN OTTO တို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးရဲထွဋ်၊ ဒေါက်တာဒေါ်သက်သက်ဇင်၊ ဒေါက်တာဒေါ်သိန်းသိန်းဌေးနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် ခုံရုံးအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၂/၂၀၁၃)

**၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်နေ့**
**(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် ခုံရုံးအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၇ နှင့် ပုဒ်မ ၃၃၂ တို့ပါ ပြဋ္ဌာန်းချက်များအရ လစ်လပ်လျက်ရှိသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် ခုံရုံးအဖွဲ့ဝင်များအဖြစ် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမြသိန်း — ဥက္ကဋ္ဌ
(အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)
(၂) ဦးမြင့်ဝင်း — အဖွဲ့ဝင်
(၃) ဦးသန်းကျော် — အဖွဲ့ဝင်
(၄) ဒေါ်လှမျိုးနွယ် — အဖွဲ့ဝင်
(၅) ဦးမြသိန်း — အဖွဲ့ဝင်
(တရားလွှတ်တော်ရှေ့နေ)
(၆) ဦးမြင့်လွင် — အဖွဲ့ဝင်
(၇) ဦးတင်မြင့် — အဖွဲ့ဝင်
(၈) ဒေါ်ကျင်စန်း — အဖွဲ့ဝင်
(၉) ဦးမျိုးချစ် — အဖွဲ့ဝင်

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## တန်ဖိုးမြှင့်ထုတ်ကုန်ဈေးကွက်ကိုလုပ်ဖို့ အဓိကဦးစားပေးစဉ်းစားထားတယ်

**မြန်မာနိုင်ငံရွှေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီမှ ဈေးကွက်ပိုင်းဆိုင်ရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ဝင်း(ဦးထုံရွှေပန်းထိမ်)နှင့် တွေ့ဆုံခြင်း**

**တွေ့ဆုံမေးမြန်း - ရဲဝင်းဆောင်(ကြေးမုံ)၊ ဓာတ်ပုံ - သူရိန်**



ပြည်တွင်း ရွှေလုပ်ငန်းလုပ်ကိုင်သူများစုပေါင်း၍ မြန်မာနိုင်ငံ ရွှေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီကို ထူထောင်ကာ ရွှေလောကဖွံ့ဖြိုးတိုးတက်ရေး အများပြည်သူဝယ်ယူရောင်းချခြင်းများတွင် အဆင်ပြေချောမွေ့စေရေးအတွက် စီမံဖော်ဆောင်လျက်ရှိပြီး လတ်တလောအခြေအနေတွင် ရန်ကုန်မြို့၌ ရွှေဗဟိုဈေးကွက်တစ်ခုဖြစ်ပေါ်လာရေး စီစဉ်လျက်ရှိရာ ယင်းအများပိုင်ကုမ္ပဏီမှ ဈေးကွက်ပိုင်းဆိုင်ရာ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးကျော်ဝင်း(ဦးထုံရွှေပန်းထိမ်)နှင့်အများပိုင်ကုမ္ပဏီ၏ ရှေ့ဆက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး တွေ့ဆုံမေးမြန်းထားသည်များထဲမှ အချို့ကို ဖော်ပြလိုက်ပါသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



# ချင်းပြည်နယ် ကန်ပက်လက်မြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တောင်သူများနှင့်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ဖေဖော်ဝါရီ ၂၃ ရက်တွင် မင်းတပ်ခရိုင် ကန်ပက်လက်မြို့ နတ်မတောင် အမျိုးသားဥယျာဉ်သို့ရောက်ရှိပြီး နတ်မတောင်ထိပ်သို့ မော်တော်ယာဉ်ဖြင့် တက်ရောက်ကြည့်ရှုသည်။**

ပြည်ထောင်စုဝန်ကြီးအား မင်းတပ်ခရိုင် အုပ်ချုပ်ရေးမှူးက နတ်မတောင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုနှင့် နိုင်ငံခြားဧည့်သည်များ လာရောက်မှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တည်းခိုရေး၊ နေထိုင်ရေးကောင်းမွန်စွာ စီစဉ်ပေးရန်နှင့် ဟိုတယ်များအရည်အသွေးမြှင့်တင်ပြီး ဆွဲဆောင်မှုရှိအောင် ဆောင်ရွက်ရန်မှာကြားသည်။

ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် နတ်မတောင် အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူးရုံးအတွင်း စိုက်ပျိုးထားရှိသည့် သစ်ခွဥယျာဉ်ကို ကြည့်ရှုပြီး နိုင်ငံခြားခရီးသွားဧည့်သည်များအား ဆွဲဆောင်ပြသ၍ ဝင်ငွေရရှိသည်အထိ စိုက်ပျိုးဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ကန်ပက်လက်မြို့နယ် “ဝဉ” စီးပွားဖြစ် စိုက်ပျိုးနေသော တောင်သူများအား တောင်သူ ဦးမြမောင်း၏ စိုက်ပျိုးရေးခြံ၌တွေ့ဆုံ၍ အရင်းအနှီးရရှိရေး၊ မျိုးရရှိရေး၊ ဈေးကွက်ရရှိရေးကိစ္စများကို ဆွေးနွေးပြီး ချင်းပြည်နယ်အနေဖြင့် လက်ဖက်၊ ပိုးစာ၊ လိမ္မော် စသည့်သီးနှံများ စိုက်ပျိုးခဲ့သော်လည်း အထိုက်အလျောက်သာ အောင်မြင်မှုရရှိခဲ့ကြောင်း၊ ရာသီဥတု သဘာဝပတ်ဝန်းကျင်အနေဖြင့် လမ်းပန်းဆက်သွယ်ရေး ကိစ္စများကြောင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်သည့်အခြေအနေသို့ ရောက်ရှိမလာကြောင်း။

ယခု“ဝဉ”စိုက်ပျိုးခြင်းသည် ချင်းပြည်နယ်၏ရာသီဥတု တောတောင်သဘာဝနှင့်ကိုက်ညီပြီး စိုက်ပျိုးထုတ်လုပ်မှုလည်း လွယ်ကူရှင်းလင်းကြောင်း၊ ချင်းပြည်နယ်မှ“ဝဉ”၏ အရည်အသွေးကို ဝယ်ယူသူများက ကြိုက်နှစ်သက်ပြီး ပြည်ပဈေးကွက်လည်း ရှိသဖြင့် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်မည့်အနေအထားဖြစ်၍ တောင်သူများကစုပေါင်းပြီး များများစိုက်ပျိုးထုတ်လုပ်ကြရန်မှာကြားသည်။

ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် မြို့ဦးအောင်စေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဘုရားအနေကဇာတင်ခြင်းနှင့် ဆွမ်းသပိတ်လုံးလောင်းလှူခြင်း အခမ်းအနားသို့ တက်ရောက်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း “ဝဉ” မျိုးများအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## တက္ကသိုလ်ဝင်စာမေးပွဲ ကတ်ပြားထုတ်ယူ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

၂၀၁၃ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ပညာရေးဌာနတွင်ကျောင်းတွင်းနှင့် အလွတ်ဖြေဆိုသူ ကျောင်းသား ကျောင်းသူပေါင်း ၅၁၇၅ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာတွင် ရွှေပြည်သာမြို့နယ် ပညာရေးဌာနတွင် အထက(၁)၊ (၂)၊ (၃)၊ (၄)နှင့် အလက(၁)၊ (၂)၊ (၃)၊ (၄) ဟူ၍ စာစစ်ဌာနပေါင်း ရှစ်ခုရှိသည်။ စာစစ်ဌာနများတွင် စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့အဖြစ် မူလတန်းကျောင်းအုပ်ကြီးများ၊ အလယ်တန်း၊ အထက်တန်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများကို တာဝန်ခွဲဝေချထားပေးပြီး ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် ကြီးကြပ်ရေးသင်တန်းများ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အတွဲ (၇) ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူပေါင်း ၁၇၄၃ ဦး၊ အတွဲ (၁) ၃၄၁၅ ဦး၊ အတွဲ (၈) တစ်ဦး၊ အတွဲ (၂) ၁၆ဦး ပေါင်း ၅၁၇၅ ဦးဖြစ်သည်။

ဖေဖော်ဝါရီ ၂၅ ရက်တွင် မြို့နယ်ပညာရေးမှူးရုံးမှ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ခုံနံပါတ်နှင့် စာစစ်ဌာနကျောင်းများကို ကြော်ငြာဘုတ်တွင် ဖော်ပြထားပြီး ကျောင်းသား ကျောင်းသူတို့သည် လာရောက်ကြည့်ရှုပြီးနောက် စာစစ်ဌာနများတွင် ဖြေဆိုခွင့်ကတ်ပြားများကို သွားရောက်ထုတ်ယူနိုင်ကြသည်။

ရွှေပြည်သာမြို့နယ်၌ စာမေးပွဲဖြေဆိုချိန်ကာလတွင် မြို့နယ်ပညာရေးကော်မတီမှ ကြီးကြပ်မှုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအား အစစအရာရာ အဆင်ပြေချောမွေ့စေရန်နှင့် တည်ငြိမ်အေးချမ်းစွာဖြေဆိုနိုင်ရေးတို့အတွက် တာဝန်ယူ၍ စောင့်ရှောက်ထိန်းသိမ်းကာ စနစ်တကျ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

## ချင်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ချင်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း 66 KV ကျော-ဂန့်ဂေါ-ဟားခါး ဓာတ်အားလိုင်းစီမံကိန်း၌ 66 KV ကျော-ဂန့်ဂေါဓာတ်အားလိုင်းမိုင်(၃၀) တည်ဆောက်ခြင်း၊ 66 KV ဂန့်ဂေါ-ဟားခါး ဓာတ်အားလိုင်း(၅၇)မိုင် တည်ဆောက်ခြင်း၊ 66 KV/ 11 KV 5 MVA ကျောဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ 66 KV/ 11KV 5 MVA ဂန့်ဂေါဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ 66 KV/ 11KV 5MVA ဟားခါး ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ ဟားခါးမြို့တွင် 11/ 0.4 KV 200 KVA ဓာတ်အားခွဲရုံ နှစ်ရုံ၊ 11 KV ဓာတ်အားလိုင်း(၂)မိုင်နှင့် 400 ဗို့ ဓာတ်အားလိုင်း(၃)မိုင် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် 66 KV ပေါက်-မင်းတပ် ဓာတ်အားလိုင်းစီမံကိန်း၌ 66 KV ပေါက်-မင်းတပ် ဓာတ်အားလိုင်း (၃၅) မိုင် တည်ဆောက်ခြင်း၊ 66 / 11 KV 5 MVA မင်းတပ်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ မင်းတပ်မြို့တွင် 11/0.4 KV 200 KVA ဓာတ်အားခွဲရုံ နှစ်ရုံ၊ 11 KV လိုင်း(၃)မိုင်နှင့် ၄၀၀ ဗို့လိုင်း (၂)မိုင် တည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်အတွင်း ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ စီမံကိန်းလုပ်ငန်းများပြီးစီးပါက ချင်းပြည်နယ် ဟားခါးခရိုင်အတွင်းရှိ ဟားခါးမြို့နယ်နှင့် မင်းတပ်ခရိုင် မင်းတပ်မြို့နယ်များမှ ဒေသခံပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်မည်ဖြစ်သည်။

ထို့အပြင် ချင်းပြည်နယ်အတွင်း၌ လျှပ်စစ်ဓာတ်အား 40 MW ထွက်ရှိနိုင်သော မြစ်သာဆည် ရေအားလျှပ်စစ်စီမံကိန်းအား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်လျက်ရှိရာ ၎င်းစီမံကိန်း ပြီးစီးပါက မြစ်သာဓာတ်အားခွဲရုံ တည်ဆောက်ကာ မြစ်သာ-ဂန့်ဂေါ-ဟားခါး ဓာတ်အားလိုင်းဆွဲပြီး ကလေးခရိုင် ကလေးမြို့နှင့် ကလေးဝဒေသတို့သို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ခေတ္တလမ်းပိတ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းမပေါ်ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံအနီးရှိ မြေအောက် ရေပိုက်များသည် ရွှေဂုံတိုင်ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းနှင့် မလွတ်ကင်းသဖြင့် ရေပိုက်ရွှေ့ပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၅ နှင့် ၂၆ ရက်တို့တွင် ည ၁၁း၀၀ နာရီမှ နံနက် ၀၄း၀၀ နာရီအထိ ကမ္ဘာအေးစေတီလမ်းနှင့် နတ်မောက်လမ်းဆုံ (ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်) မီးပွိုင့်မှ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ မီးပွိုင့်အကြားအား လမ်းကြောင်းပိတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **(ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ)**

## မန္တလေး သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ထမနဲထိုးပြိုင်ပွဲ

**မန္တလေး ဖေဖော်ဝါရီ ၂၅**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)၌ သီတင်းသုံးတော်မူလျက်ရှိသော မြတ်စွာဘုရားအား ထမနဲဆွမ်းကပ်လှူရန်အတွက် ဆဋ္ဌမအကြိမ်မြောက် သင်တန်းနှစ်အလိုက် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က တက္ကသိုလ်ဝင်းအတွင်းရှိ “ဆုံစည်းရာလွင်ပြင်”၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပထမဆုရရှိသော ပထမနှစ်အသင်း၊ ဒုတိယဆုရရှိသော တတိယနှစ်အသင်းနှင့် တတိယဆုရရှိသော အလုပ်သင်ဆရာဝန်အသင်း တို့အား ပါမောက္ခချုပ်က ဂုဏ်ပြုဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004
Endoscopic Sinus Surgery
နှာခေါင်းနှင့်ပတ်သက်သော ရောဂါများကို မှန်ပြောင်းဖြင့်ခွဲစိတ်ကုသမှုအစီအစဉ်
နှာတာရှည်ထိပ်ကပ်နှာများ၊ နှာခေါင်းအတွင်းရှိ အဖုအကျိတ်များ၊ အလွန်အမင်းနှာခေါင်းသွေးယိုမှုများနှင့် ဦးခေါင်းခွံအောက်ခြေရှိ
အဖုအကျိတ်များကို မှန်ပြောင်းဖြင့်အနုစိတ်ခွဲစိတ်ကုသခြင်း စသည်တို့ အပါအဝင်အခြားနှာခေါင်းနှင့်ပတ်သက်သောရောဂါများကို
မြန်မာနိုင်ငံနှင့် စင်ကာပူ နိုင်ငံမှ အထူးကုဆရာဝန်ကြီး တို့ပူးပေါင်း၍ ဖေဖော်ဝါရီလ ၂၈ ရက်မှမတ်လ ၃ ရက်နေ့အထိ
ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄ ၃၂၃၊ (၀၉) ၄၂၁ ၀၄၂ ၆၇၉၊ (၀၁) ၂၄၃၀၁၀ /မန္တလေး (၀၉) ၄၃၂၀၇၇၈၁

# ဖွံ့ဖြိုးမှုအတွက် အလိုအပ်ဆုံးဖြစ်သည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး

ခင်ချင်းတွင်း

တိုင်းပြည်တည်ငြိမ်အေးချမ်းရေး (Peace and stability) နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး (Socio-economic Development) တို့သည် တစ်ခုနှင့်တစ်ခု ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသကဲ့သို့ အမှီသဟဲ ပြုလျက်ရှိသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာလူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုလည်းတိုင်းပြည်တည်ငြိမ်အေးချမ်းမည်ဖြစ်သည်။

## အားလုံးလိုလားကြသည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တစ်ဆင့်ပြီးတစ်ဆင့် ညှိနှိုင်းဆွေးနွေးမှုများဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရအောင် ကြိုးစားဆောင်ရွက်လျက်ရှိကြရာတွင် KIOမှလွဲ၍ ကျန်အဖွဲ့ ၁၀ ဖွဲ့နှင့် အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးပြီး နိုင်ငံရေးအရဆွေးနွေးမည့် Political Dialogue ကိစ္စရပ်များကို ယခုနှစ် နှစ်ဦးပိုင်းမှစပြီး ဆောင်ရွက်ရန် ပြင်ဆင်ပြီးဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

KIO နှင့်လည်း ချင်းမိုင်တွင် ငြိမ်းချမ်းရေး ညှိနှိုင်းလျက်ရှိရာ အချက် (၄)ချက် သဘောတူညီမှုများရှိပြီး တစ်ဖက်နှင့်တစ်ဖက် ဖြေလျှော့မှု၊ ညှိနှိုင်းမှုများအတိုင်းအတာတစ်ခုအထိ ခရီးရောက်လျက်ရှိသည်ဟု လေ့လာသိရှိရပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းမှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုများကိုစာရေးသူ အပါအဝင် ကျန်ပြည်သူများက စိတ်အားထက်သန်စွာဖြင့်စောင့်ကြည့်ရင်းKIO နှင့် ဆွေးနွေးညှိနှိုင်းမှုအောင်မြင်ပြီး လွတ်လပ်ရေးရပြီးသည်မှ နှစ်ပေါင်း ၆၀ အတွင်း ပထမဆုံးအဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တည်ငြိမ်အေးချမ်းမည့်နေ့ကို သမိုင်းတွင်မည့်နေ့တစ်နေ့အဖြစ် ဆင်နွှဲနိုင်ကြရေးမျှော်လင့် ဆုတောင်းနေကြမည်သာဖြစ်သည်။ သို့ဆိုလျှင် မြန်မာနိုင်ငံ၏ အိမ်တွင်းဖြစ် တည်ငြိမ်အေးချမ်းရေးနှင့် ပြုပြင်ပြောင်းလဲမှုပုံစံ (Home Grown Model) အား ကမ္ဘာမှ အသိအမှတ် ပြုရပေလိမ့်မည်။

နားလည်ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ရေးကိုအခြေခံကာ တိုက်ပွဲများကြောင့် ရွှေ့ပြောင်းနေထိုင်ခဲ့ရသူများ၊ ငြိမ်းချမ်းရေးရယူခဲ့သည့် အဖွဲ့များ၏ လူမှုစီးပွားအခြေအနေများ တိုးတက်ကောင်းမွန်စေရေးနှင့် အဆိုပါဒေသများတွင်စီးပွားရေးအခွင့်အလမ်းနှင့် အလုပ်အကိုင်ဖန်တီးပေးရေးတို့သည်လည်း ထာဝရငြိမ်းချမ်းရေးအတွက် အလွန်အရေးပါလျက်ရှိပါသည်။

## အလုပ်အကိုင် ဖန်တီးရေး

မိမိနိုင်ငံတွင်အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးနေ၍ အိမ်နီးချင်းနိုင်ငံများတွင် သွားရောက် လုပ်ကိုင်ရသဖြင့်လည်း အဖြည့်ခံ ရွှေ့ပြောင်းလုပ်သား (Fill in migration) များအနေဖြင့်အခြားနိုင်ငံသားများ မဆောင်ရွက်လိုသည့်အလုပ်များ ( 3 D Jobs-Danger, Difficult and Dirty Jobs) လုပ်ကိုင်ရပြီးတန်းတူအခွင့်အရေးများကို ခံစားခွင့်မရရှိသည့်အပြင် လူမှုရေးဆိုင်ရာအခက်အခဲများလည်း ရင်ဆိုင်ကြရပါသည်။သို့ဖြစ်ပါ၍ပြည်ပရောက် မိမိနိုင်ငံသားများအတွက် အလုပ်အကိုင်ဖန်တီးရေးနှင့် အလုပ်သမားအခွင့်အရေးများကို ရရှိခံစားနိုင်ရန် ဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ မိမိနိုင်ငံတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်မှုသည် ဆင်းရဲမှုလျှော့ကျရေးနှင့် နိုင်ငံဖွံ့ဖြိုးမှုအတွက်များစွာ အရေးပါလျက်ရှိပါသည်။

နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တစ်ဦးကျ GDP တိုးတက်ရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုအခြေအနေ တိုးတက်ကောင်းမွန်ရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးမှုသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးပေသည်။ သို့ဖြစ်၍ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရေးအတွက် နိုင်ငံတကာမှ အရင်းအနှီးများ စီးဆင်းဝင်ရောက်လာရေး၊ နိုင်ငံခြားအကူအညီအထောက်အပံ့များ ရရှိရေး၊ တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေများရရှိရေးနှင့် ကြွေးမြီဖြေရှင်းရေးကိစ္စများကို နိုင်ငံတော်က ဦးစားပေး ဆောင်ရွက်လျက်ရှိပေသည်။ မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးကဏ္ဍစုံ၌ ပြုပြင်ပြောင်းလဲမှုများအပေါ် မူတည်၍ နိုင်ငံတကာနှင့်ဆက်ဆံရေးသည်လည်း နွေးထွေးလာပြီး နားလည်မှုများ ဖြစ်ထွန်းလာခဲ့ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေတစ်ခုတည်းအပေါ် မှီခိုအားထားလုပ်ဆောင်ခဲ့သည့် အစဉ်အလာမှ နိုင်ငံတကာ အကူအညီအထောက်အပံ့ချေးငွေနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ရယူအသုံးပြု၍ ကဏ္ဍအလိုက်၊ ဒေသအလိုက် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မေလ ၁၁ ရက်တွင် ကျင်းပခဲ့သည့် ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်ရေး ဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်မှုများပြုခဲ့ပါသည်။ သို့ဖြစ်ပါ၍ ပထမအကြိမ် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကိုယမန်နှစ် ဒီဇင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်နေ့များတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ကမ္ဘာအထိပျံ့နှံ့သိရှိစေမည့် နေပြည်တော် သဘောတူညီချက်ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ကာ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ထိရောက်သော အကူအညီများ ဖြစ်စေရေးအတွက် ကတိကဝတ်များပြုခဲ့ပြီး ဖြစ်ပါသည်။လက်ရှိတိုးတက်လာသည့် နိုင်ငံခြားအကူအညီအထောက်အပံ့များကို ထိရောက်စွာအသုံးပြုနိုင်ရေးအတွက်လည်း အဖွဲ့အစည်း (Institution)နှင့် စီမံခန့်ခွဲမှုယန္တရား(Mechanism)တစ်ရပ်ကို ထူထောင်ခဲ့ပါသည်။

မိမိတို့နိုင်ငံတွင် အစိုးရသစ်လက်ထက်၌ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံခြားဆက်ဆံရေး တိုးတက်ကောင်းမွန်လာခဲ့ပြီး အလှူရှင်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများထံမှ နိုင်ငံခြားအကူအညီအထောက်အပံ့များသည် ယခင်ကထက်များစွာ တိုးတက်စီးဝင်လျက်ရှိနေပေသည်။ သို့သော် ရုတ်တရက် ရေကန်အသင့် ကြာအသင့်နှင့် အားလုံးချက်ချင်း မဖြစ်နိုင်ပါ။ ဥပမာ- စီမံချက်တစ်ခုဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု၊ စရိတ်နှင့်အကျိုးအမြတ် နှိုင်းယှဉ်တွက်ချက်မှု၊ သဘောတူညီချက် ချုပ်ဆိုရန် ညှိနှိုင်းမှုများ အချိန်အတိုင်းအတာတစ်ခုအထိ လိုအပ်ပါသည်။

ယခုအခါ ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများ ရှိစေရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းထားရှိကာအဆိုပါဥပဒေကို စီမံ ခန့်ခွဲမှုစွမ်းအား (Administrative power) ဖြင့် အမျိုးသားအကျိုးစီးပွား မထိခိုက်စေရန် ပြန်လည်ထိန်းကျောင်းသည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်းထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

ပို့ကုန်ပစ္စည်းများကို ဈေးကွက်ယှဉ်ပြိုင်နိုင်မှု တိုးတက်စေရေးအတွက် လိုအပ်သည့် စီးပွားရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသကဲ့သို့ စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာရှိသည့် အခြေအနေရောက်ရှိစေရန် ပို့ကုန်ခွန် လျှော့ချပေးခြင်းနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူအဆင်ပြေချောမွေ့အောင် လုပ်ဆောင်ပေးလျက်ရှိပါသည်။ ပို့ကုန်ပမာဏ ပြန်လည်တိုးမြင့်လာစေရေးအတွက် အသေးစားနှင့်အလတ်စားထုတ်လုပ်မှု အထောက်အပံ့များ(Production Subsidies) ပြုလုပ်ပေးရန်အတွက်လည်း အတိုးမဲ့နှင့် အတိုးနှုန်းသက်သာသည့် ချေးငွေများကို ရှာဖွေလျက်ရှိပါသည်။

သွင်းအားစု စက်ကိရိယာ၊ ကုန်ကြမ်း စသည့် သွင်းကုန်ပစ္စည်းများ တင်သွင်းမှု လွယ်ကူအဆင်ပြေစေရေး ဆောင်ရွက်ရန်နှင့် ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရေးအပြင် မြန်မာ့ဈေးကွက်သာမက ကမ္ဘာ့ဈေးကွက်အခြေအနေအထိ ကျယ်ပြန့်စွာ ထိုးဖောက်နိုင်ရန်အတွက် ကမ္ဘာ့ဈေးကွက်အခြေအနေသုတေသနနှင့် သတင်းအချက်အလက်၊ စီးပွားရေးကွန်ရက်ချိတ်ဆက်မှုများကို မြှင့်တင်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။ အာဆီယံစီးပွားရေး အသိုက်အဝန်းတွင် ဝင်ရောက်နိုင်စေရန်အတွက်လည်း ရေရှည်နည်းလမ်းအားဖြင့် ပြည်တွင်းထုတ်ကုန်စည်များအတွက် ပြည်ပဈေးကွက်တိုးမြှင့်ရှာဖွေရန်၊ မေခရိုစီးပွားရေး တည်ငြိမ်စေရန်၊ နည်းပညာများ၊ ထုတ်လုပ်မှုအရည်အသွေးများမြှင့်တင်၍ ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ကျနိုင်မည့် နည်းလမ်းအမျိုးမျိုးရှာဖွေရန်၊ အခြေခံအဆောက်အအုံများ တိုးမြှင့်ကောင်းမွန်စေရန်၊ လုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ငံတော်အစိုးရနှင့် လက်တွဲညှိနှိုင်းကာ နိုင်ငံ့စီးပွားရေးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ဒေသတွင်းဈေးကွက်သို့ ဝင်ရောက်နိုင်ရေးအတွက် မိမိထုတ်ကုန်များယှဉ်ပြိုင်မှု တိုးတက်စေရန် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများကို ပိုမိုကြိုးစားအားထုတ် ဆောင်ရွက်ရန်မှာလည်း အရေးပါလှပါသည်။

နိုင်ငံတော်သမ္မတ အပါအဝင် အကြီးအကဲများအနေဖြင့် မိမိနိုင်ငံအတွင်းသို့ လာရောက်တွေ့ဆုံသော နိုင်ငံခြားသားကိုယ်စားလှယ်အဖွဲ့များအား လက်ခံတွေ့ဆုံလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း ချစ်ကြည်ရေးခရီး၊ အလုပ်သဘောခရီးစဉ်များ သွားရောက်ကာ ညှိနှိုင်းဆောင်ရွက်မှုပြုလုပ်သည့်သတင်းများကို ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် တွေ့မြင်နေကြရသည်။

သန်း ၆၀ သော ပြည်သူများအတွက် နိုင်ငံတော်သမ္မတကြီးက "မြန်မာနိုင်ငံအတွက် Marketing လုပ်ရမည့်အချိန်" ဟု ခံယူပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျန်ရှိသော Stakeholders များ၊ ပြည်သူများအနေဖြင့်လည်း တက်ကြွစွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အနောက်မခွဲခြားဘဲ မိတ်ဆွေနိုင်ငံများပေါများလာစေရန်ဈေးကွက်များရှာဖွေကာ ဆောင်ရွက်လျက်ရှိရာ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ကောင်းမွန်လာစေမည့် လင်းရောင်ခြည်များပေါ်ထွန်းနေပြီဖြစ်သည်။ နိုင်ငံတော်က ဆောင်ရွက်နေသော လူမှုရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေးမူဝါဒကို ပြည်ပနိုင်ငံများကလည်း ယုံကြည်ကြသည့်အလျောက် စီးပွားရေးပိတ်ဆို့မှုများလည်း ပြေလျော့လာပြီ ဖြစ်သည်။

နိုင်ငံတော်တွင် ဖော်ဆောင်နေသော ပြုပြင်ပြောင်းလဲမှုများနှင့် ပူးတွဲပေါ်ထွက်လာသည့် နိုင်ငံအတွင်းလက်ရှိဖြစ်ပေါ်နေသော ဆန္ဒပြတောင်းဆိုမှုများနှင့်စပ်လျဉ်း၍ ဂျာနယ်များတွင်သော်လည်းကောင်း၊ အွန်လိုင်းစာမျက်နှာများတွင် သော်လည်းကောင်း မကြာခဏ တွေ့မြင်နေရပါသည်။ ငြိမ်းချမ်းစွာ ဖွင့်ထုတ်ဆန္ဒပြခြင်းသည် ဒီမိုကရေစီအခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်ဟု ရိုးရှင်းစွာလည်း ရှုမြင်နိုင်ပါသည်။ သို့သော် ဒီမိုကရေစီကျင့်စဉ်ကို စတင်လေ့ကျင့်ခါစ မရင့်ကျက်သေးသည့် နိုင်ငံတစ်ခုအနေဖြင့် အဆိုပါဆန္ဒပြခြင်းသည် ထူးဆန်းပေါ်လွင်နေ၍ နိုင်ငံများစွာမှ သတိထားကြည့်ရှုနေကြသည်ကိုလည်း သတိပြုရပါမည်။

## ရတောင့်ရခဲထူးခြားသည့်အခြေအနေ၊ အချိန်အခါတို့ကို အသုံးချရေး

ယခုအချိန်အခါသည် မိမိတို့နိုင်ငံအနေဖြင့် ရတောင့်ရခဲထူးခြားသည့်အခြေအနေ၊ အချိန်အခါပင်ဖြစ်သည်။ သို့ဖြစ်ပါ၍ အဆိုပါထူးခြားသည့်အခြေအနေ၊ အချိန်အခါတို့ကိုအသုံးချ၍ စည်းလုံးညီညွတ်စွာဖြင့် လက်ရှိမျိုးဆက်တို့က ကောင်းစွာအသုံးချ၍ အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် စွန့်လွှတ်စွန့်စားခြင်းများဖြင့် နိုင်ငံဖွံ့ဖြိုးမှုလုပ်ငန်းများကိုဆောင်ရွက်နိုင်ပါလျှင် မိမိတို့နိုင်ငံမှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ကာ သာယာဝပြောလှပမည့် အနာဂတ်သို့ ဦးတည်နေမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ဂုဏ်သိက္ခာအပြည့်အဝဖြင့် ကမ္ဘာ့အလယ်တွင် ရပ်တည်နေရန်မှာ မိမိတို့နိုင်ငံသားများ အားလုံး၏ စည်းလုံးညီညွတ်မှု၊ လိမ္မာပါးနပ်မှု၊ နားလည်သည်းခံမှုတို့အပေါ် များစွာမူတည်နေပါတယ်။

## အိမ်သာမှ ညှော်လာပါမည်

မြန်မာစကားပုံအရ အိမ်သာမှ ညှော်လာပါမည်။ အိမ်မသာ၍ ညှော်မလာလျှင် ဝင်ငွေဖန်တီးမှု၊ အလုပ်အကိုင်ဖန်တီးမှုများ မဖြစ်နိုင်ပါ။ ဥပမာ-ခရီးသွားလုပ်ငန်းနှင့် ဒေသအသီးသီးသို့ သွားရောက်ရင်းနှီးမြှုပ်နှံမှုများကသာလျှင် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ပြည်တွင်းပြည်ပဧည့်သည်များအနေဖြင့် ငြိမ်းချမ်းသောဒေသများတွင်သာ ခရီးသွားလာနိုင်မည်ဖြစ်ပြီး အချိန်အခါမရွေး သွားရောက်နိုင်မှသာ အဆင်ပြေမည်ဖြစ်ပါသည်။ သို့မဟုတ်ပါက လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် များစွာနှောင့်နှေးကြန့်ကြာနိုင်ပါသည်။ နိုင်ငံတော်အေးချမ်းသာယာမှသာ တိုင်းသူပြည်သားများ သာယာဝပြောနိုင်ပေမည်။ သို့ဖြစ်ရာ တရားဥပဒေစိုးမိုးရေး (Rule of Law)အရ ဥပဒေနှင့်အညီ ညှိနှိုင်းဖြေရှင်းရန် လိုအပ်သည်။

## "တတ်သိသူများ"နှင့် "သိတတ်သူများ" လိုအပ်လျက်ရှိ

ယခုအခါ နိုင်ငံတော်တွင် "တတ်သိသူများ" လိုအပ်လျက်ရှိသကဲ့သို့ "သိတတ်သူများ"လည်း လိုအပ်လျက်ရှိပါသည်။ စာရေးသူ ဆိုလိုချင်သည်မှာ မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့်အညီ၊ ၂၁ ရာစု စိန်ခေါ်မှုများနှင့်အညီ အရည်အချင်းမြင့်မားစွာ လုပ်ငန်းယန္တရားလည်ပတ်စေနိုင်စေရေးအတွက် အစိုးရဌာနများတွင်ဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းခွင်များတွင်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ကြသည့် လူသားအရင်းအမြစ်များ အရည်အသွေးဖွံ့ဖြိုးလာစေရန် လိုအပ်သကဲ့သို့ အခြေအနေနှင့် အချိန်အခါအပေါ် နားလည်သိတတ်သူများ၊ အပြောလွယ်သလောက် အလုပ်ခက်သည့်သဘောကို သိရှိနားလည်စွာဖြင့် အပြုသဘောဖြင့် ပါဝင်ဆောင်ရွက်မည့်သူများလည်း လိုအပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ သမာသမတ်ရှိသော လူမှုအသိုက်အဝန်း ဖြစ်ပေါ်စေရန်အတွက် နိုင်ငံ၏ Stakeholders များအားလုံးသည် နိုင်ငံကြီးသားပီသသည့် ယုံကြည်ချက်၊ ခံယူချက်၊ အကျင့်စာရိတ္တ၊ စိတ်ဓာတ်နှင့် အပြုအမူအရည်အသွေးမြင့်မားပြီး သန့်စင်မွန်မြတ်မှုသာ ဒီမိုကရေစီသဘောတရားများ (Democratic Principles) များကို အဆင့်မြင့်မြင့် ကျင့်သုံးအပ်ပေလိမ့်မည်။ သမာသမတ်ရှိသော လူမှုအသိုက်အဝန်း ဖြစ်ပေါ်စေရန် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်းနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။



ပြည်တွင်းရေးရာ

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကန့်ဘလူမြို့နယ်၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ အလှူငွေနှင့်မြွေဆိပ်ဖြေဆေးများလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဇီးကုန်းစံပြကျေးရွာသို့ရောက်ရှိပြီး ရွှေဖောင်ဦးပရိယတ္တိစာသင်တိုက် ဆရာတော် ဦးအာလောကစာရနှင့် ဇီးကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်းမှ ကျောင်းထိုင်ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။ ဆက်လက်၍ ဇီးကုန်းစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ငွေကျပ်သိန်း ၁၂၀ ကို ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်လွင်ထံ လည်းကောင်း၊ ဇီးကုန်းစံပြကျေးရွာ တိုက်နယ်ဆေးရုံအတွက် မြွေပွေး မြွေဆိပ်ဖြေဆေး အလုံး ၂၀ ကို တိုက်နယ်ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာမြတ်မင်းထံ လည်းကောင်း ပေးအပ်လှူဒါန်းပြီး ဇီးကုန်းစံပြကျေးရွာမှ ရပ်မိရပ်ဖများ၊ တိုက်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် ထန်းကုန်းစံပြကျေးရွာ မြို့လယ်ဘုန်းတော်ကြီးကျောင်း၌ စံပြကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း သုံးကျောင်းမှ ကျောင်းထိုင်ဆရာတော်များအား သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ထန်းကုန်းစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအတွက် မြွေပွေး မြွေဆိပ်ဖြေဆေး ၁၀ လုံးကို လက်ထောက် ကျန်းမာရေးမှူးထံ ပေးအပ်လှူဒါန်းကာ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် တေဒသမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အခမ်းအနားတွင် ကျင်းပလျက်ရှိသော ထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်အားပေးပြီး ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံအတွက် မြွေပွေး မြွေဆိပ်ဖြေဆေး ၁၀ လုံးကို ဆေးရုံအုပ် ဒေါက်တာမိုးမြင့်ဝင်းထံ ပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလှမြို့သို့ရောက်ရှိပြီး သီတဂူ စက္ခုဒါနသံယာ့ဆေးရုံတည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေး၍ သံယာ့ဆေးရုံတည်ဆောက်ရေးရှင်းလင်းဆောင်၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးကျော်နိုင်၊ ကွန်းလှမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးကာ ကွန်းလှမြို့နယ် ပြည်သူ့ဆေးရုံအတွက် မြွေပွေး မြွေဆိပ်ဖြေဆေး ၁၀လုံးကို ခေတ္တဆေးရုံအုပ် ဒေါက်တာဒေါ်ခင်ဝင်းဌေးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လအက္ခရာယာဉ်များ အပ်နှံခြင်းဆောင်ရွက်ပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်အစိုးရသည် ယာဉ်အိုယာဉ်ဟောင်းများ ဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်း စီမံချက်ကို ၁၁-၉-၂၀၁၁ ရက်နေ့မှစတင်၍ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် ၁၉-၉-၂၀၁၁ ရက်တွင် မှတ်ပုံတင်သက်တမ်း အနှစ်(၄၀)ကျော် "စ"၊ "ဆ"၊ "ဇ" အက္ခရာများကို လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ၈-၁၁-၂၀၁၁ ရက်တွင် အနှစ်(၃၀)ကျော်မှ အနှစ်(၄၀)ကျော်အတွင်း "ဈ"၊ "ည" အက္ခရာများကို လည်းကောင်း၊ တတိယအဆင့်အနေဖြင့် ၂-၁-၂၀၁၂ ရက်တွင် အနှစ်(၂၀)ကျော်မှ အနှစ်(၃၀) ကျော်အတွင်း "ဏ"၊ "ထ"၊ "ဒ"၊ "ဓ"၊ "န"၊ "ပ"၊ "ဗ"၊ "ဘ" အက္ခရာယာဉ်များကို လည်းကောင်း စီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ၁၄-၂-၂၀၁၃ ရက်အထိ ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုစီးရေ ၇၅၁၉၈ စီးဖြစ်၍ ဆောင်ရွက်ပြီးစီးမှုမှာ ၈၂ ဒသမ ၀၈ ရာခိုင်နှုန်းဖြစ်သည်။

ထို့အပြင် လေလံပြန်လည်မှတ်ပုံတင်ယာဉ်များဖြစ်သည့် Mazda အုပ်စုဝင် ယာဉ်များအားလုံးကို ၁၂-၇-၂၀၁၂ ရက်မှစ၍ လည်းကောင်း၊ ကျန်လေလံပြန်လည်မှတ်ပုံတင်ယာဉ်များကို ၁၆-၁၁-၂၀၁၂ ရက်မှစ၍ လည်းကောင်း စီမံချက်တွင် ထည့်သွင်းအပ်နှံဆောင်ရွက်ပေးလျက်ရှိရာ ၄၆၉၆ စီး ဆောင်ရွက်ပြီးဖြစ်သည်။

ယာဉ်အိုယာဉ်ဟောင်း အပ်နှံဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်းတွင် "လ" အက္ခရာယာဉ်များ အပ်နှံဆောင်ရွက်ခြင်းကို ၂၈-၂-၂၀၁၃ ရက်မှ စတင်၍ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရှိရသည်။

**(သတင်းစဉ်)**



# မျိုးကောင်းမျိုးသန့် မျိုးစေ့များသည် တောင်သူများအတွက် ပင်မအသက်သွေးကြောဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် လယ်ယာကဏ္ဍသည် အဓိကအကျဆုံးဖြစ်ကြောင်း နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုပြုချက်အပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြု၍ တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ပထမအဆင့်အနေဖြင့် ဆည်ရေသောက်စနစ် လယ်မြေများအား ရေနှင့်မြေကြီးကို အထိရောက်ဆုံး အကျိုးရှိစွာ အသုံးပြု၍ သီးထပ်သီးညှပ်များစိုက်ပျိုးပြီး တစ်သီးပြီးတိုင်းတစ်သီး အကျိုးအမြတ်ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်စိုက်ကွင်းများ တည်ထောင်ရန် တိကျစွာ လမ်းညွှန်ထားမှုအပေါ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်း၊ အစေ့ထုတ်ပြောင်းစိုက်ကွင်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မျိုးကောင်းမျိုးသန့် မျိုးစေ့များကို စိုက်ပျိုးနိုင်မှသာ မျိုးကောင်းမှ ဈေးကောင်းရပြီး မျိုးမှန်မှ အဖိုးတန်ဆိုသကဲ့သို့ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် သီးနှံများကို စိုက်ပျိုးနိုင်မည်ဖြစ်သည့်အတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့သည် တောင်သူလယ်သမားများအတွက် ပင်မအသက်သွေးကြောပင်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် စိုက်ပျိုးရေးပညာရှင်များနှင့်အတူ ခပေါင်းဆည်ရေသောက်စနစ် တောင်ငူခရိုင် တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်ရှိ နွေစပါးစိုက်ဧက ၃၄၀၀၀ အတွင်း အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာ၌ ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးပြီးစီးမှုနှင့် မျိုးစေ့ထုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုတို့ကို ယနေ့နံနက် ၁၁ နာရီတွင် သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာရှိ အဆင့်မြင့်စက်မှုလယ်ယာစနစ် ဘက်စုံသီးနှံဧက ၂၀၀၀ စိုက်ကွင်း၌ အခြေခံအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ သီးနှံအခြောက်ခံ အဆောက်အအုံများ တည်ဆောက်နေမှု၊ ဂိုဒေါင်များ ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အနှံများ၊ အဖူးများ အောင်မြင်စွာ ထွက်ရှိနေသော အစေ့ထုတ်ပြောင်းဧက ၁၀၀၀ စိုက်ခင်းကို ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

ထိုသို့ ကြည့်ရှုစစ်ဆေးအားပေးရာတွင် ပြည်ထောင်စုဝန်ကြီးက သီးနှံများသည် မျိုးကောင်းမျိုးသန့် မျိုးစေ့များအသုံးပြုရန် အရေးကြီးသကဲ့သို့ ရိတ်သိမ်းချိန်လွန် နည်းပညာများ ထိထိရောက်ရောက်သုံးစွဲရန် လိုအပ်ကြောင်း၊ ရိတ်သိမ်းချိန်လွန်ကာလ၌ ဂရုမစိုက်သဖြင့် ထွက်ရှိသော သီးနှံများ၏ ၄၀ ရာခိုင်နှုန်း လေလွင့်ဆုံးရှုံးလျက်ရှိရာ နိုင်ငံအတွက် များစွာ နစ်နာမှုရှိကြောင်း၊ အလုပ်တစ်ခု လုပ်ရာတွင် (Total Solution) အစ၊ အလယ်၊ အဆုံးဈေးကွက်သို့ ရောက်ရှိအောင် ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့်နှင့် ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်များ၊ ရိတ်သိမ်းချိန်လွန်နည်းပညာ (Post Harvest Technology) အရေးကြီးကြောင်းနှင့် သီးနှံများ ရိတ်သိမ်းရာတွင် လုံခြုံရေး အလေးထားဆောင်ရွက်ရန်၊ သီးနှံ အရည်အသွေး ထိန်းသိမ်းရန်၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်း၊ အခြောက်ခံခြင်းများ စနစ်တကျ ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**













# လွှတ်တော်ဟာ ပြည်ထောင်စုအကျိုး၊ ပြည်သူ့အကျိုးကို ဖြစ်ထွန်းစေသော ဥပဒေများပြုဖို့ အဓိကတာဝန်ရှိ ဥပဒေရပ်တိုင်း တရားမျှတသော၊ အားလုံးကလိုက်နာသင့်သော၊ လိုက်နာနိုင်သော ဥပဒေများဖြစ်ဖို့လို

နေပြည်တော် ဖေဖော်ဝါရီ ၂၅

**ယနေ့ ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ဆွေးနွေးတင်ပြခဲ့သည်။**

အဆိုပါ ဆွေးနွေးတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



**နာယကကြီးနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတင်ကျင်းပတဲ့နေ့မှာ နာယကကြီးက လွှတ်တော်ဆောင်ပုဒ်ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားခဲ့သလို ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ဖြစ်ပေါ်ကြုံတွေ့နေရတဲ့ အခြေအနေတွေ၊ အကြောင်းအရာတွေထဲက သတိပြုဆင်ခြင် စဉ်းစားသုံးသပ်ရမည့် ကိစ္စရပ်များကို ထည့်သွင်းပြောကြားခဲ့ပါတယ်။ ယခုအခါ ပြည်ထောင်စုအစိုးရက တင်ပြလာတဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ဥပဒေကြမ်းများအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များဟာ အပြုသဘောဆောင်ပြီး ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်းရှိပါတယ်။ ပြည်သူ့အသံများ၊ ပြည်သူ့ဆန္ဒများ၊ ပြည်သူ့လိုအပ်ချက်များကို ထင်ဟပ်ပြီး ပြည်သူ့အကျိုး၊ ပြည်ထောင်စုအကျိုးအတွက် ဖော်ဆောင်ရွက်နိုင်တဲ့ ဆွေးနွေးမှုများဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

ပြည်သူ့ကိုယ်စားလှယ်များပီပီ ပြည်သူ့အကျိုး၊ ပြည်ထောင်စုအကျိုးအတွက် စေတနာကောင်းဖြင့် ဆွေးနွေးညှိနှိုင်းမှုများကို ပြည်ထောင်စုလွှတ်တော်က အလေးထားစဉ်းစား ဆုံးဖြတ်ပေးသွားခြင်းဖြင့် ပြည်သူတို့၏ မျှော်လင့်ချက်ကို ဖော်ဆောင်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်းလည်း ဦးစွာကြိုတင် တင်ပြလိုပါတယ်။

**နာယကကြီးနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

ပြည်ထောင်စုအစိုးရက တင်ပြလာသော စီမံကိန်းနှင့် ဘတ်ဂျက် ဥပဒေကြမ်းများကို လေ့လာသုံးသပ်ပြီး ကောင်းမွန်သောဥပဒေ၊ ပြည်သူများ၏ ဆန္ဒနှင့် လိုအပ်ချက်ကို အမှန်တကယ်ဖြစ်စေသော၊ ပြည်သူ့အကျိုးစီးပွားနှင့် ပြည်ထောင်စုအကျိုးစီးပွားကိုဖြစ်စေသော ဥပဒေများ ဖြစ်လာရန် ပြည်ထောင်စုလွှတ်တော်တွင် တာဝန်ရှိနေပြီဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းမှာပါရှိနေတဲ့ အချက်အလက်နှင့် အကြောင်းအရာများကို မဆီလျော်တာများ ဆီလျော်အောင်၊ ရှေ့နောက်မညီတာများ ရှေ့နောက်ညီအောင်၊ မမျှတတာတွေ မျှတအောင်၊ အကျိုးမရှိတာတွေ အကျိုးရှိအောင် ပြန်လည်စိစစ်ဆောင်ရွက်ပေးဖို့ လိုအပ်ပြီဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရကတင်ပြလာတဲ့ ယခုဘဏ္ဍာနှစ်အတွက် သုံးမည့်ငွေများဟာ ယခုလို ပြုပြင်ပြောင်းလဲနေပြီးနိုင်ငံကို ပြန်လည်ထူထောင်နေသည့် ကာလတွင် မဖြစ်မနေသုံးစွဲရမှာဖြစ်သည့်အတွက် ခွင့်ပြုသင့်ပါတယ်။ သို့ရာတွင် ယခုကာလမှာ မလိုအပ်သေးသော ကဏ္ဍတွေ၊ စီမံကိန်းတွေ၊ လုပ်ငန်းတွေမှာ သုံးမည့်အစား ယခု ယနေ့ကာလမှာ အမှန်တကယ်သုံးရန်လိုအပ်သည့် ကဏ္ဍတွေ၊ စီမံကိန်းတွေ၊ လုပ်ငန်းတွေမှာ ဦးစားပေးအသုံးပြုဖို့ လိုအပ်ပါတယ်။ သဘောကတော့ အသုံးပြုရန်တင်ပြလာသော ဘတ်ဂျက်အသုံးကို ဖြတ်တောက်ခြင်း၊ လျှော့ချခြင်း လုံးဝမပြုဘဲ ယနေ့ကာလအတွက် အမှန်တကယ်လိုအပ်သည့်နေရာတွေမှာ အသုံးပြုရေးကို လွှတ်တော်က ဆုံးဖြတ်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**နာယကကြီးနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

အလုပ်လက်မဲ့ဖြစ်နေသော ပြည်သူများ အထူးသဖြင့် လူငယ်များအတွက်လည်းကောင်း၊ ဆင်းရဲပြီး ဒုက္ခများနှင့်ရင်ဆိုင်နေရသော အောက်ခြေနိုင်ငံ့ဝန်ထမ်းများအတွက်လည်းကောင်း၊ ဆင်းရဲပြီး ကြွေးအထပ်ထပ်တင်နေသော တောင်သူလယ်သမားများနှင့် မွေးမြူရေးသမားများအတွက်လည်းကောင်း၊ ဆင်းရဲပြီးနေကြရသော အောက်ခြေအလုပ်သမားများအတွက်လည်းကောင်း၊ ငြိမ်းချမ်းရေးရလိုသူများ ငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် လည်းကောင်း သက်ဆိုင်သည့်ကဏ္ဍအသီးသီးတွင် စီမံကိန်းအသွင် Campaign အသွင် စီမံချက်ရေးဆွဲဆောင်ရွက်ရန်လိုအပ်သလို ထိုစီမံကိန်းများကို ဥပဒေအဖြစ်ပြဋ္ဌာန်း၍ ငွေကြေးအသုံးပြုနိုင်ရေးဟာ ယနေ့ကာလအတွက် မလုပ်မဖြစ် လုပ်ရမည့် ကိစ္စများဖြစ်ပါတယ်။

မသင်မနေရ မူလတန်းပညာရေးစနစ်ကျင့်သုံးရန် ဦးတည်နေသော ကျွန်တော်တို့နိုင်ငံမှာ တွဲဖက်ကျောင်း၊ မူလွန်ကျောင်း၊ ကိုယ့်အားကိုယ်ကိုးကျောင်း၊ ကိုယ်ထူကိုယ်ထကျောင်းနှင့် ဘုန်းတော်ကြီး စာသင်ကျောင်းများတွင် ရပ်ရွာပြည်သူလူထု ငွေကြေးဖြင့်ခန့်ထားသော ဆရာ၊ ဆရာမများအား စိစစ်၍ ထောက်ပံ့မှုနှင့် ချီးမြှင့်ငွေကို လာမည့်ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ပေးနိုင်ရေး၊ ဆေးတက္ကသိုလ် ကျောင်းဆင်း၊ အလုပ်သင်ဆရာဝန်ဆင်းပြီး အလုပ်ထဲဝင်ဖို့ ဝန်ထမ်းရွေးချယ်ရေးမှ အကြောင်းမညီညွတ်၍ အောင်မြင်မှု မရှိသောသူများကိုလည်း ဆေးကောင်စီလိုအဖွဲ့က (သို့မဟုတ်) သင့်တော်သည့်အဖွဲ့က စိစစ်ပြီး လိုအပ်တဲ့နေရာတွေမှာ ဆရာဝန်ခန့်ထားပြီး လိုအပ်ပါက နောင်မှပြန်ပြီး ဝန်ထမ်းလေ့ကျင့်ရေးကျောင်းတွင် သင်တန်းတက်ရေးကို ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့်လည်းကောင်း၊ အခြားသင့်တော်ရာနည်းလမ်းတစ်ခုခုဖြင့်လည်းကောင်း အလျင်အမြန်ဆောင်ရွက်ပေးပြီး ကျေးလက်နှင့် မြို့ပြကျန်းမာရေးစောင့်ရှောက်မှုများစွာ မကွာဟစေရန်တို့ကို ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

**နာယကကြီးနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

လွှတ်တော်များက ပြည်သူ့လိုအပ်ချက်များကို ဖော်ဆောင်ပေးတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ ခံယူဆောင်ရွက်နေကြတဲ့အတိုင်း ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့် အယူဘာသာအစွဲမထားဘဲ နိုင်ငံတော်အတွက်၊ နိုင်ငံသားအကျိုးအတွက် အဓိကထား ဆောင်ရွက်နေခြင်းသည် ကောင်းမွန်မှန်ကန်တဲ့ခံယူချက်နှင့် လုပ်ဆောင်ချက်များ ဖြစ်ကြောင်းကိုလည်း လွှတ်တော်၏ဆွေးနွေးမှုများက ဖော်ပြနေပါတယ်။

ကျွန်တော်တို့တစ်တွေ ပြည်တွင်းငြိမ်းချမ်းရေး တကယ်လိုချင်တယ်ဆိုရင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးများ ရှိဖို့အတွက် တည်ဆဲဥပဒေများကို အားလုံးက လေးစားလိုက်နာရေးနှင့် တည်ငြိမ်အေးချမ်းရေးရရှိအောင် ဆောင်ရွက်ကြဖို့လိုပါတယ်။

ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ရန်အတွက် ဥပဒေပြုရန် လိုအပ်၊ မလိုအပ် စဉ်းစားရန် လိုပါတယ်။ ဥပဒေအဖြစ်ပြဋ္ဌာန်းရန် မလိုအပ်သေးဟု ယူဆလျှင်လည်း ငြိမ်းချမ်းရေးရရှိရေးအတွက် ဆောင်ရွက်ရာမှာ ငွေကုန်ကြေးကျခံပြီး ဆောင်ရွက်ရမှာဖြစ်လို့ ပြည်သူ့ငွေများမှ ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး စနစ်တကျဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတကာနှင့် အဖွဲ့အစည်းအသီးသီး၏ အကူအညီတွေ တကယ်ရမှာလား၊ ဘယ်လောက်ရမှာလဲ၊ ဘယ်တော့ရမှာလဲဆိုတာ သေချာစွာ မသိရသေးလျှင်လည်း မိမိတို့၏ ပြည်သူ့ငွေများကို ဥစ္စာရင်လို ဥစ္စာရင်ခဲ ပြုလုပ်ရန် လိုအပ်နေပြီဖြစ်၍ လွှတ်တော်က ဆုံးဖြတ်ဆောင်ရွက်ပေးရန်လိုပါတယ်။ ထို့အတူ ငြိမ်းချမ်းရေးရရှိနိုင်ရန် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ငွေကြေးအကုန်အကျခံဆောင်ရွက်ရုံဖြင့် မရရှိနိုင်၊ ပြည်ထောင်စုသား တိုင်းရင်းသားများ အားလုံးက စိတ်စေတနာကောင်းများဖြင့် ပါဝင်ရန်လိုအပ်မှာဖြစ်ပါတယ်။

**နာယကကြီးနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

တည်ဆဲဥပဒေ၊ နည်းဥပဒေ၊စည်းမျဉ်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ညွှန်ကြားချက်များသည် လက်တွေ့လိုက်နာနိုင်သော ဥပဒေအဆင့်ဆင့်ရှိဖို့ အမှန်တကယ်လိုအပ်သလို ကိုင်တွယ်ကျင့်သုံးသောဌာနနှင့် နိုင်ငံ့ဝန်ထမ်းများသည်လည်း ကိုယ့်ဂုဏ်ကိုယ့်သိက္ခာနှင့်နေနိုင်၊ စားသောက်နိုင်တဲ့အခြေအနေနှင့်အနေအထားရှိမှ ဖြစ်ပါမယ်။ထိုအနေအထားမျိုး ရောက်ရှိစေရန်နှင့် ဝန်ထမ်းတွေကို မလုပ်တတ်လျှင် လုပ်တတ်အောင်၊ မလုပ်ချင်လျှင် လုပ်ချင်အောင်၊ မလုပ်နိုင်လျှင် လုပ်နိုင်အောင် လေ့ကျင့်မှုတွေ၊ စီစဉ်ပေးမှုတွေနှင့် ပံ့ပိုးမှုတွေ ပြုလုပ်ပေးရန်လိုပါတယ်။ ဒါမှသာ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပေါ် ပြည်သူလူထုက ယုံကြည်လေးစားပြီး ပြုပြင်ပြောင်းလဲရေးသွက်လက်မြန်ဆန်လာနိုင်ပါမယ်။ ထို့အတူ တရားဥပဒေစိုးမိုးရေး(Rule of Law) အတွက်လည်း အထောက်အကူဖြစ်လာနိုင်ပါမယ်။ ယနေ့ပြောနေကြတဲ့ **“ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမယ်”**ဆိုတဲ့ စကားဟာလည်း ရုပ်လုံးပေါ်မှန်ကန်လာမှာ ဖြစ်ပါတယ်။

မနှစ်က ဒီလို ဘတ်ဂျက်အစည်းအဝေးကာလမှာ ဆွေးနွေးခဲ့ကြတဲ့အတွက် နိုင်ငံ့ဝန်ထမ်းများအား ထောက်ပံ့ငွေ ၃၀၀၀၀ ကျပ်(သုံးသောင်းကျပ်)ကို ပေးနိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် ပြီးခဲ့တဲ့နှစ်ကရခဲ့တဲ့ ထောက်ပံ့ငွေကို လစာငွေအဖြစ်လည်းကောင်း၊ ထပ်၍ သာမန်အသုံးငွေမှစိစစ်၍ စိစစ်ပြီးရရှိလာသော ငွေကို ထောက်ပံ့ငွေအဖြစ် လည်းကောင်း ဆောင်ရွက်ပေးနိုင်ပါက ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရနှင့် အစိုးရဝန်ထမ်းများ၊ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားနှင့်လိုအင်ဆန္ဒများအပေါ် အလေးထားပါကြောင်း၊ ကတိစကားများလည်း တည်ကြည်စေမှုပြုပေးနိုင်ပါကြောင်းကို ပြသဖော်ဆောင်နိုင်မည်ဖြစ်ပါတယ်။ ဒါကြောင့် နောက်ဘဏ္ဍာနှစ်မှာ လစာတိုးပေးမည်ဆိုသော ကတိစကားကို လွှတ်တော်ကိုယ်စားလှယ်များမှတ်သားပြီး ယခု လွှတ်တော်အတွင်းမှာ ဆွေးနွေးတောင်းဆိုပေးမှုများဟာလည်း အစိုးရအပေါ်နှင့် နိုင်ငံ့ဝန်ထမ်းများအပေါ် စေတနာထားခြင်းဖြစ်သလို နိုင်ငံကောင်းအောင် ဆွေးနွေးတောင်းဆိုခြင်းပဲလို့ မှတ်ယူလက်ခံပြီး ကျေးဇူးလည်းတင်ရမှာ ဖြစ်ပါတယ်။

ထို့အတူပဲ ရဲတပ်ဖွဲ့ဝင်အချို့ ငွေတောင်းခြင်း၊ အချို့ဝန်ထမ်းအဖွဲ့အစည်းများက မလျော်သောငွေကြေးများ ရယူနေခြင်းများကို ဤခေတ်ပြောင်းကာလပြုပြင်ပြောင်းလဲရေးအချိန်တွင် မဖြစ်သင့်ကြောင်း ထောက်ပြဆွေးနွေး တင်ပြနေကြခြင်းဟာလည်း အပြုသဘောဆောင်ပါတယ်။

**နာယကကြီးနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

ကိုယ်စားလှယ်များ၏ တင်ပြချက်များဟာ မှန်နိုင်ပါတယ်။ ရဲတစ်ယောက်၊ အောက်ခြေဝန်ထမ်းတစ်ယောက်သည် သူနှင့် သူ့မိသားစု စားဝတ်နေရေး၊ လူမှုရေးအဆင်ပြေအောင် ဘယ်လိုလုပ်မလဲ၊ ဘယ်လိုနေမလဲ ဆိုတာကို စဉ်းစားကြည့်ဖို့ လိုသလို အောက်ခြေဝန်ထမ်း ဦးစီးမှူးတစ်ယောက်အတွက်လည်း ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်ရေးနှင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်ဆောင်ရွက်နိုင်ရေးအတွက် စဉ်းစားပေးဖို့လိုမှာ ဖြစ်ပါတယ်။ ယနေ့အချိန်အခါ အခြေအနေနှင့် ယှဉ်တွဲစဉ်းစားသုံးသပ်ကြည့်ရင် ဘယ်လိုဖြစ်နေကြမလဲ။ ဒါကို စိစစ်စဉ်းစားသုံးသပ်ကြဖို့ လိုပါတယ်။ အဆင်မပြေလို့ ပုံစံအမျိုးမျိုးနှင့် ထွက်ခွာသွားတာတွေ ရှိနေနိုင်ပါတယ်။ ကိုယ့်နိုင်ငံမှာ သင်ကြားတတ်မြောက်ထားတဲ့ ပညာနှင့် အစိုးရဝန်ထမ်းအဖြစ် ဝင်လုပ်မယ်ဆိုရင် ရတဲ့လစာနှင့် စရိတ်က ဘဝရပ်တည်ရှင်သန်ရေးအတွက် အခက်အခဲရှိလို့ နိုင်ငံရပ်ခြားကို ထွက်ခွာသွားနေတာတွေ ဘယ်လောက်ရှိပြီလဲ။ တချို့ကျတော့ အပြင်မှာလည်း အလုပ်မရှိ၊ အလုပ်မရ ဒါကြောင့် ဒီမှာကပ်ပြီး ဖြစ်သလိုလုပ် ဖြစ်သလိုနေနေရတာတွေ ဘယ်လောက်များနေလဲ။

**နာယကကြီးနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

အောက်ခြေဝန်ထမ်းတွေ အဆင်မပြေဘူးဆိုတာကို သိရင် ဒီလိုဖြစ်ရတာ ဘယ်သူ့မှာတာဝန်ရှိကြသလဲ၊ ဘယ်သူတွေတာဝန်ယူမလဲ။ တာဝန်ယူ၊တာဝန်ခံရမည့် အဖွဲ့အစည်းများမရှိဘူးဆိုလျှင် ပြည်ထောင်စုလွှတ်တော်ကပဲ တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်လိုက်လျှင် မသင့်ဘူးလား၊ မကောင်းဘူးလား။ လုပ်ဖို့သင့်တယ်၊ တာဝန်ယူဖို့သင့်တယ်ဆိုလျှင်လည်း အခုလွှတ်တော်အတွင်းမှာပဲ ဆောင်ရွက်ပေးနိုင်မလား စတဲ့ မေးခွန်းများ မေးလာရင်၊ လွှတ်တော်က တာဝန်ယူ တာဝန်ခံဆောင်ရွက်သင့်တယ်ဆိုရင် လွှတ်တော်ကို တင်ပြလာမယ့် သာမန်အသုံးစရိတ်ငွေများကို စိစစ်ပြီး အမှန်တကယ်လိုအပ်မှာနှင့် မလိုအပ်သေးတာတွေကို ခွဲခြားကာ စိတ်ကောင်းစေတနာဖြင့် တာဝန်ယူ၊ တာဝန်ခံပြီး ရုံးအဆင့်အတန်းအလိုက် လျော်ညီစွာအသုံးပြုရန် သင့်တင့်မျှတသော ရုံးအသုံးစရိတ်၊ အထွေထွေစရိတ်၊ ဝန်ထမ်းများ၏နေ့တွက်စရိတ်၊ ခရီးစရိတ်၊ အခြားစရိတ်များကို စိစစ်တိုးမြှင့်ပေးဖို့နှင့် တကယ်လို့ ငွေပိုနေသေးလျှင် ဝန်ထမ်းများအတွက် လစာငွေနှင့် ထောက်ပံ့ငွေပေးနိုင်ရေးအတွက် သက်ဆိုင်ရာတို့နှင့် ညှိနှိုင်းစိစစ်ဆောင်ရွက်လျှင် ဖြစ်နိုင်ခြေရှိနိုင်ကြောင်းကိုလည်း လေ့လာတွေ့ရှိထားပါတယ်။ ဒီကိစ္စအတွက် လွှတ်တော်သို့တင်ပြလာလျှင် အတည်ပြုပေးသင့်ကြောင်း တင်ပြအပ်ပါတယ်။

**နာယကကြီးနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

ကျွန်တော်တို့လွှတ်တော်ဟာ ပြည်သူလူထုအကျိုး၊ ပြည်ထောင်စုအကျိုးကို ကာကွယ်စောင့်ရှောက်သော ဥပဒေများ၊ ပြည်ထောင်စုအကျိုး၊ ပြည်သူ့အကျိုးကို ဖြစ်ထွန်းစေသော ဥပဒေများပြုဖို့ အဓိကတာဝန်ရှိပြီး တာဝန်ကျေအောင် ဆောင်ရွက်နေကြရမှာဖြစ်ပါတယ်။ ဥပဒေပြုတယ်ဆိုရာမှာ အသစ်ပြဋ္ဌာန်းခြင်း၊ တည်ဆဲဥပဒေများအားပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အစားထိုးခြင်းတို့ ပါဝင်ပါတယ်။ ဒါဟာလည်း ပြည်ထောင်စုလွှတ်တော်၏ အဓိကတာဝန်တစ်ရပ်ဖြစ်ပါတယ်။

ဥပဒေတစ်ရပ်ဖြစ်လာလျှင် ထိုဥပဒေဟာ ပြည်သူပြည်သားတွေလိုက်နာနိုင်သော၊ တရားမျှတသော ဥပဒေများဖြစ်ဖို့လိုပါတယ်။ တရားမျှတမှုမရှိသော ဥပဒေများဖြစ်လျှင် ၎င်းကို အကြောင်းပြုပြီး မလိုက်နာနိုင်ကြတဲ့ ပြည်သူတွေဟာ အလိုအလျောက် ဥပဒေချိုးဖောက်သူတွေ၊ လိုက်နာရန်ပျက်ကွက်သူတွေဖြစ်ပြီး ပြစ်ဒဏ်တွေခံရလျှင် ဝမ်းနည်းစရာကောင်းပါတယ်။ နိုင်ငံစည်းလုံးညီညွတ်မှုအားနှင့် စွမ်းဆောင်မှုအားတွေ ယုတ်လျော့သွားစေပါတယ်။

ဒါ့ကြောင့် ဥပဒေအရပ်ရပ်တိုင်းမှာ အကြောင်းအကျိုးလျော်ညီသော၊ တရားမျှတသော၊ အားလုံးကလိုက်နာသင့်သော၊ လိုက်နာနိုင်သော ဥပဒေများဖြစ်ဖို့ လိုပါတယ်။

**နာယကကြီးနှင့်ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

အခွန်အခကောက်ယူနေခြင်းကိစ္စနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးသုံးသပ်မှုများ ရှိပါတယ်။ ဒါဟာ အကြောင်းအကျိုးလျော်ညီပြီး တရားမျှတသော ဥပဒေကောင်းဖြစ်ဖို့ လုပ်ဆောင်နေကြတာပဲဖြစ်ပါတယ်။ သို့ရာတွင် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့်တင်ပြချက်များတွင် ကဏ္ဍအလိုက်၊ နယ်ပယ်အလိုက်၊ လုပ်ငန်းအလိုက် ကောက်ခံကြမည့် နှုန်းထားနှင့် ကောက်ခံမှုပုံစံ နည်းလမ်းများကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့ကိုယ်စားလှယ်များအား အသိပေးတင်ပြရန် လိုအပ်ပါတယ်။ ထိုအခါကျမှသာ ပြည်သူ့ကိုယ်စားလှယ်များက ဆွေးနွေးဆုံးဖြတ်ပြီး အတည်ပြုပြဋ္ဌာန်းပေးနိုင်မှာဖြစ်လို့ အခွန်အခကောက်ခံနေသည့် ဌာနအသီးသီးမှ လာမည့်ဘဏ္ဍာနှစ်အတွင်း ကောက်ခံမည့် အခွန်အခဆိုင်ရာ အမိန့်၊ ကြော်ငြာစာများ၊ ညွှန်ကြားချက်များကို လွှတ်တော်သို့ အမြန်ဆုံးတင်ပြရန် လိုအပ်ပါတယ်။

တင်ပြလာသော ဥပဒေကြမ်းများကိုလည်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ကြရမည့် သက်ဆိုင်ရာဌာနများ ဆွေးနွေးကြမှသာ အများပြည်သူတို့ အမှန်တကယ်လိုက်နာဆောင်ရွက်နိုင်သော အခွန်အခဆိုင်ရာဥပဒေကောင်းများ ပေါ်ထွက်လာပြီး နိုင်ငံတော်အကျိုးစီးပွားဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။သို့မှသာ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုများ ပိုမိုရရှိလာပြီး ယနေ့ကြုံတွေ့နေသော အခွန်အခဆိုင်ရာများနှင့် စပ်လျဉ်းသော ကိစ္စရပ်များဖြစ်သည့် အခွန်ရှောင်ခြင်း၊ ပုန်းကွယ်ခြင်း၊ အခွန်ဆောင်သူနှင့် အခွန်စည်းကြပ်သူအကြား ဖြစ်ပေါ်လေ့ရှိတတ်သော အဂတိတရား၊ လာဘ်ပေးလာဘ်ယူမှုနှင့် မဖွယ်မရာပြုမှုများကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့●

## ပြည်တွင်းရေးရာ

❒ရှေ့ဖုံးမှ

**မေး။ ။ အများပိုင်ကုမ္ပဏီတည်ထောင်ဖို့ စီစဉ်ဖြစ်ခဲ့ပုံကိုရှင်းပြပေးပါဦး။**

ဖြေ။ ။ အများပိုင်ကုမ္ပဏီစဖွဲ့ဖို့ ပထမဦးဆုံး စဉ်းစားမိတာကတော့ ကျွန်တော်တို့နိုင်ငံမှာက မိသားစုပုံစံစီးပွားရေးက များတယ်။ အခု ကျွန်တော်တို့နိုင်ငံစီးပွားရေးက တံခါးပွင့်လာပြီ။ ဝင်လာမယ့်သူတွေက ပြောရရင် အကောင်ကြီးတယ်ခေါ်တာပေါ့။ ဒီလိုလူတွေလာရင် ကျွန်တော်တို့ ဘယ်လိုလုပ် တောင့်ခံနိုင်မလဲ။ ကျွန်တော်တို့ ရှိတဲ့အားတွေစုပြီး တောင့်ခံရအောင်ဆိုပြီးတော့ အများပိုင်စလုပ်ဖို့စိတ်ကူးတာဖြစ်တယ်။

**မေး။ ။ အဲဒီလိုဖွဲ့စည်းခဲ့ပြီးနောက် လုပ်ငန်းဆိုင်ရာအကောင်အထည်ဖော်မှုတွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။ အများပိုင်ကုမ္ပဏီဖွဲ့ပြီးရင်ရော ဘာလုပ်မလဲ။ ဒါလည်းစဉ်းစားရတယ်။ နိုင်ငံတော်လည်းအကျိုး ရှိစေရမယ်။ လုပ်ငန်းရှင်တွေ၊ ရှယ်ယာရှင်တွေလည်း အကျိုးရှိ၊ အများပြည်သူလည်းအကျိုးဖြစ်စေမယ့်ဟာ တစ်ခုလုပ်ဖို့ စဉ်းစားတော့ လောလောဆယ် ကျွန်တော်တို့နိုင်ငံမှာကရွှေနဲ့ပတ်သက်တဲ့ Single Market (ဗဟိုဈေးကွက်) က မရှိသေးဘူး။ အဲဒီတော့ ဒီအများပိုင်ကုမ္ပဏီက နေပြီးတော့ ရွှေနဲ့ပတ်သက်တဲ့ Single Market ဖြစ်ပေါ်လာဖို့ အခုကြိုးစားလုပ်ဆောင်နေတယ်။

**မေး။ ။ Single Market ရဲ့ အကျိုးကျေးဇူးကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။ Single Market ကို အကောင်အထည်ဖော်ဖို့ စီစဉ်ရာမှာ တချို့က စီးပွားဖြစ်အမြတ်အစွန်းဖြစ်သလားမေးကြတယ်။ ဒီဈေးကွက်ဟာ အမြတ်အစွန်းက အဓိကမဟုတ်ပါဘူး။ အဓိကက အများပြည်သူအပေါ် ဝန်ဆောင်မှုအပြည့်ပေးနိုင်မယ့် ဈေးကွက်ဖြစ်ပေါ်လာရေးအတွက်ကို ကျွန်တော်တို့ကြိုးစားတာဖြစ်ပါတယ်။ ဒီဈေးကွက်ပေါ်လာရင် ရွှေဈေးကွက်က စနစ်တကျ ဖြစ်သွားပြီးတော့ အရောင်းအဝယ်မှာ ပရမ်းပတာလုပ်တာတွေ မရှိတော့ဘူး။ ပွင့်လင်းမြင်သာတဲ့ဈေးကွက်မှာ စိတ်ချမ်းချမ်းသာသာနဲ့အရောင်းအဝယ်လုပ်နိုင်ကြမှာဖြစ်ပါတယ်။ ဝယ်ရ၊ ရောင်းရတာမှာလည်း အာမခံချက်ရှိလာမယ်။ နောင်တစ်ချိန် နိုင်ငံတကာနဲ့ကျွန်တော်တို့ချိတ်ဆက်ဆောင်ရွက်တာတွေ လုပ်ဆောင်နိုင်လာမယ်။ အဲဒီတော့ နိုင်ငံတော်၊ လုပ်ငန်းရှင်နဲ့ ပြည်သူလူထုအကျိုးကို ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ အဲဒီဈေးကွက် ဖြစ်ပေါ်စေချင်ပါတယ်။ ဒါကြောင့်လည်း ကြိုးစားလုပ်ဆောင်နေတာ ဖြစ်ပါတယ်။

**မေး။ ။ အဲဒီလိုနိုင်ငံတကာနဲ့ ချိတ်ဆက်ဆောင်ရွက်ဖို့အထိပါ ရည်ရွယ်ထားတော့ နိုင်ငံတကာစံမီဖို့က လိုအပ်ချက်တွေရှိလာမယ်လို့ ထင်ပါတယ်။ အဲဒီအတွက်ရော ဘယ်လိုတွေစီမံဆောင်ရွက်သွားပါမလဲ။**

ဖြေ။ ။ အရည်အသွေးနဲ့အလေးချိန်ကို နိုင်ငံတကာအဆင့်မီအောင် လုပ်ဖို့လိုလာပြီ။ နိုင်ငံတကာအရည်အသွေးမီတဲ့ ရွှေရအောင်တော့ အခုစမ်းသပ်ကာလအဖြစ် လုပ်ဆောင်နေပါတယ်။ နည်းပညာလည်းရပြီ။ စက်တွေလည်းရောက်နေပါပြီ။ ကျွန်တော်တို့နိုင်ငံမှာထွက်နေတဲ့ အခေါက်သည် ၉၉၉ ဒသမ ၉ မီသွားအောင်ထုတ်ဖို့ရှိပါတယ်။ အဲဒီကနေတစ်ဆင့် အရည်အသွေးကို ထိန်းမယ်၊ ပြီးရင် အလေးချိန်နဲ့ပတ်သက်ပြီး နိုင်ငံတကာနဲ့ချိတ်ဆက်ဆောင်ရွက်နိုင်မယ့်အဆင့် ဖြစ်သွားအောင်လုပ်ဖို့ အများပိုင်ကုမ္ပဏီအနေနဲ့ စိတ်ကူးထားပါတယ်။

**မေး။ ။ ဗဟိုဈေးကွက်ကပြည်သူတွေအတွက်လည်း အကျိုးရှိစေမယ်ဆိုတော့ ဘယ်လိုအပိုင်းတွေမှာ အကျိုးရှိလာစေမှာပါလဲ။**

ဖြေ။ ။ ပြည်သူအတွက် အကျိုးရှိမယ်ဆိုတာက ဒီလိုဈေးကွက်ကြီးပေါ်လာပြီဆိုရင် အရည်အသွေးက နိုင်ငံတကာစံချိန်စံညွှန်းမီမယ်။ အရည်အသွေးမပြည့်မီတာတို့၊ အတုတို့ဆိုတာမျိုးမဖြစ်တော့ဘူး။ အဲဒီမှာစစ်ဆေးတာတွေပါ အကုန်ရှိလာမယ်။ ပြည်သူကဒီနေရာကိုအချိန်မရွေးလာပြီး ဝယ်လို့၊ ရောင်းလို့ရမယ်။ ကြိုက်သလောက်ဝယ်၊ ကြိုက်သလောက်ရောင်းနိုင်မယ်။ ဘဏ်တွေနဲ့လည်း ချိတ်ဆက်ထားမှာဖြစ်တဲ့အတွက် ဘဏ်ကငွေထုတ်ပြီးတော့ဖြစ်စေ၊ ဘဏ်အကောင့်နဲ့ဖြစ်စေ အရောင်းအဝယ်လုပ်လို့ရသွားမှာဖြစ်ပါတယ်။

**မေး။ ။ Single Market အကောင်အထည်ပေါ်လာဖို့ကို ကာလအားဖြင့် ဘယ်လောက်မျှော်မှန်းထားပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့မှန်းတာကတော့ ကျွန်တော်ထင်တယ်၊ AEC (၂၀၁၅ ခုနှစ်တွင် အကောင်အထည်ပေါ်လာမည့် အာဆီယံစီးပွားရေးအသိုက်အဝန်း) အမီလုပ်နိုင်မယ်လို့ထင်တယ်။ အဓိကက နေရာအရေးကြီးတယ်။ ရွှေလိုက်တဲ့နေရာသည် လုံခြုံရေးပိုင်းကောင်းဖို့လိုတယ်။ ရွှေအရောင်းအဝယ်လုပ်တဲ့နေရာမှာ နိုင်ငံတော်ကလုံခြုံရေး တကယ်လုပ်ပေးနိုင်တဲ့နေရာ၊ အများပြည်သူသွားလာဖို့လွယ်ကူတဲ့နေရာ၊ ဘဏ်တွေနဲ့လည်း ချိတ်ဆက်လို့လွယ်တဲ့နေရာဖြစ်ရမယ်။ အဲဒီနေရာကိုပဲ ကျွန်တော်တို့မှာ အခက်အခဲ အဓိကဖြစ်နေတာ။ ရတဲ့နေရာမှာလုပ်လို့မရတဲ့ အနေအထားလေးဖြစ်နေတယ်။

**မေး။ ။ AEC အကောင်အထည်ပေါ်လာချိန်မှာ ခုလိုဗဟိုဈေးကွက်ဖော်ဆောင်မှုမပြုနိုင်ဘူးဆိုရင် ဖြစ်ပေါ်လာမယ့်ရလဒ်ကိုလည်း သုံးသပ်ပေးပါဦး။**

ဖြေ။ ။ ကျွန်တော်တို့မှာ အခက်အခဲတွေအများကြီးရှိတယ်။ အဲလိုအများကြီးရှိပေမယ့် မလုပ်လို့ဖြစ်သလားဆိုတော့ မလုပ်ဘူးဆိုရင် ကျွန်တော်တို့နိုင်ငံက AECကျရင် ကျန်ခဲ့မယ်။ သူများနိုင်ငံတွေက လက်ဝါးကြီးလာအုပ်ပြီးတော့ ဈေးကွက်ကိုကစားချင်သလို ကစားသွားရင် ကျွန်တော်တို့က ကြည့်နေရတဲ့ အနေအထားတွေဖြစ်လာမယ်။ ဒါကြောင့် လုပ်ရတာခက်ခဲပေမယ့် ဖြစ်အောင်လုပ်ရမယ်ဆိုပြီးတော့ ဆုံးဖြတ်ထားတဲ့အတွက် ဖြစ်အောင်ကြိုးစားနေပါတယ်။ ဝန်ကြီးဌာနတွေရဲ့ အကူအညီလည်းလိုအပ်ပါတယ်။



ဦးကျော်ဝင်း (ဦးထုံ ရွှေပန်းထိမ်)။

**မေး။ ။ ဗဟိုဈေးကွက်မှာ ရွှေအရောင်းအဝယ်အပြင် အခြားဝန်ဆောင်မှုတွေရော ပါလာဦးမလား။**

ဖြေ။ ။ အခြားဝန်ဆောင်မှုတွေလည်း ပါလာမှာပါ။ ဘဏ်တွေနဲ့ ချိတ်ဆက်ပေးတာ။ နောက်နိုင်ငံတော်ကနေပြီးတော့ တန်ဖိုးမြှင့်ထုတ်ကုန် (Value added)တွေကို ပြည်ပပို့လို့ရမယ်ဆိုရင် အဲဒီဈေးကွက်မှာပဲ One Stop Service ပုံစံမျိုးဖြစ်အောင် အခွန်ကသက်ဆိုင်ရာတာဝန်ရှိသူပုဂ္ဂိုလ်တွေပါမယ်၊ ရာဖြတ်တွေပါမယ် စသည်ဖြင့်ပေါ့။ တစ်ခါတည်းဝယ်မယ်။ တစ်ခါတည်းအခွန်ဆောင်မယ်။ အခွန်ဆောင်ပြီးတော့ တစ်ခါတည်း ယူသွားနိုင်မယ့်စနစ်လေး လုပ်ပေးနိုင်ရင် ပိုကောင်းတာပေါ့။ ဒီဝန်ဆောင်မှုတွေ လုပ်ပေးနိုင်အောင်လည်း ကြိုးစားသွားမယ်။ ပထမဦးစားပေးစဉ်းစားထားတာကတော့ တန်ဖိုးမြှင့်ထုတ်ကုန်ဈေးကွက်ကို လုပ်ဖို့အဓိကဦးစားပေးစဉ်းစားထားတယ်။ တန်ဖိုးမြှင့်ထုတ်ကုန်လုပ်လိုက်ရင် ပြည်တွင်းက လူတွေလည်း အလုပ်အကိုင်ရလာမယ်။ အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းတွေလည်း ကောင်းလာမှာဖြစ်တယ်။

**မေး။ ။ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်မှု အားသာချက်ကိုလည်း ပြောပေးပါဦး။**

ဖြေ။ ။ ရွှေကို အကြမ်းအတိုင်းရောင်းတာထက်စာရင် တန်ဖိုးမြှင့်က ပိုက်ဆံပိုရတယ်။ ရွှေတစ်ပိဿာချင်း ရောင်းတာအတူတူ တန်ဖိုးမြှင့်လုပ်ပြီးရောင်းတဲ့အခါ လုပ်ခတွေရလာမယ်။ တန်ဖိုးမြှင့်လိုက်တဲ့အတွက် တိုးလာမယ့်ငွေ အများကြီးပိုရလာမယ်။ အဲဒီတန်ဖိုးမြှင့်ထုတ်ဖို့အတွက် နည်းပညာတွေလိုမယ်။ စက်ရုံတွေလိုလာမယ်။ ထုတ်လုပ်မှုအဆင့်တွေလိုလာမယ်။ အဲဒါတွေအကောင်အထည်ဖော်လာမှာဖြစ်တော့ အဲဒီကဏ္ဍတွေလည်း ဖွံ့ဖြိုးလာမှာဖြစ်တယ်။ လိုအပ်တဲ့စက်ပိုင်းဆိုင်ရာနည်းပညာတွေ၊ စက်တွေတင်သွင်းလို့ရမယ်။ ပြည်သူတွေလည်း အလုပ်အကိုင်ပိုမိုရရှိလာမှာ ဖြစ်တယ်။

**မေး။ ။ တန်ဖိုးမြှင့်ထုတ်ကုန်အနေနဲ့ ပြည်ပဈေးကွက်မှာ တွင်တွင်ကျယ်ကျယ် ထိုးဖောက်နိုင်မယ်လို့ရော မျှော်လင့်ထားပါသလား။ ဈေးကွက်ကို ဘယ်လို ရယူသွားဖို့ရှိပါသလဲ။**

ဖြေ။ ။ ပြည်ပဈေးကွက် တွင်ကျယ်အောင်ထိုးဖောက်သွားနိုင်ဖို့က ကျွန်တော်တို့လည်း အများကြီးကြိုးစားဖို့လိုတယ်။ ပထမတစ်ချက်က ကျွန်တော်တို့ ထုတ်လိုက်တဲ့ ထုတ်ကုန်ပစ္စည်းသည် ထိုင်း၊ အိန္ဒိယ၊ တရုတ်တို့မှ ထုတ်တဲ့ ထုတ်ကုန်ပစ္စည်းလောက်ဈေးမကြီးမှ ပွဲတိုးလို့ရမှာဖြစ်တယ်။ လက်ရှိသူတို့ထုတ်နေတဲ့စက်တွေ၊ နည်းပညာတွေက အဆင့်မြင့်တယ်၊ သူတို့ထုတ်တဲ့ ထုတ်ကုန်တွေရဲ့တန်ဖိုးကလည်း သိပ်မမြင့်ဘူး။ ကျွန်တော်တို့ နိုင်ငံကအခုမှ စပြီးယှဉ်ရမယ်ဆိုရင် အများကြီးကြိုးစားရဦးမယ်။ ကြိုးစားမှုရမယ်။ ဒါပေမယ့် အလားအလာကတော့ ကောင်းပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပညာရှင်ရှိတယ်။ နည်းပညာနဲ့ စီမံခန့်ခွဲမှုအပိုင်းမှာ စနစ်တကျလေး လုပ်လိုက်မယ်ဆိုရင် ကျွန်တော်တို့ တိုးလို့ရပါတယ်။ အဓိကဖြစ်တဲ့ လုပ်သားဈေးကွက်နဲ့ ရွှေကုန်ကြမ်းက ရပြီးသားဖြစ်တယ်။ အဓိကကုန်ကြမ်းနှစ်ခုက လုံလောက်ပြီးသားဖြစ်တယ်။

**မေး။ ။ အများပိုင်ကုမ္ပဏီအနေနဲ့ လတ်တလောဆောင်ရွက်ချက်တွေကိုလည်း သိလိုပါတယ်။**

ဖြေ။ ။ အများပိုင်ကုမ္ပဏီကလတ်တလောမှာ ဗဟိုဈေးကွက်အတွက် နေရာတစ်ခုရလာဖို့ကို ကြိုးစားနေတယ်။ နိုင်ငံတကာကနေ နည်းပညာတွေယူတယ်။ အခုကုမ္ပဏီကနေပြီးတော့ ၉၉၉ ဒသမ ၉ ထုတ်နိုင်တဲ့ နည်းပညာနဲ့ စက်ပစ္စည်းတွေ ရောက်လာပါပြီ။ အခုစမ်းသပ်ကာလမှာရှိနေပါတယ်။ နောက်ပိုင်းမှာ ရွှေသန့်စင်တဲ့လုပ်ငန်းရှင်တွေကို ဒီနည်းပညာနဲ့ စက်ပစ္စည်းတွေ ပံ့ပိုးပေးသွားဖို့ ရှိပါတယ်။ အများပိုင်ကုမ္ပဏီကနေ SMEsတွေကို ကူညီပေးဖို့အစီအစဉ်ရှိတယ်။ ရွှေလောကကြီးဖွံ့ဖြိုးလာအောင်၊ စနစ်လည်းကျအောင် ရွှေသမားတွေကို ဝန်ဆောင်မှုပေးသွားမှာဖြစ်တယ်။ ထုတ်လုပ်မှုအပိုင်းမှာလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်တဲ့နည်းပညာတွေ ရအောင်ယူမယ်။ ရွှေထုတ်လုပ်တဲ့နေရာမှာလည်း ပတ်ဝန်းကျင်မပျက်စီးအောင် ဘာလုပ်ပေးမလဲ။ ဘယ်လိုလုပ်မလဲစတဲ့ ဝန်ဆောင်မှုတွေ ပေးနိုင်အောင်လည်း ကြိုးစားသွားမှာဖြစ်တယ်။

**မေး။ ။ SMEs တွေကို ကူညီပံ့ပိုးပေးသွားမယ်ဆိုတော့ ဘယ်လိုကူညီသွားမလဲ။ အဲလိုကူညီပံ့ပိုးပေးခြင်းရဲ့ အကျိုးသက်ရောက်မှုက ဘာတွေဖြစ်မလဲဆိုတာကိုလည်း သိလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့နိုင်ငံမှာ SMEs (အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း)တွေ တိုးတက်ဖို့လိုတယ်။ ဒီဗဟိုဈေးကွက်ဖြစ်ပေါ်လာရင်တော့ SMEsတွေ တိုးတက်အောင်လုပ်ပေးဖို့ ရှိတယ်။ ဒါမှသာ ကိုယ့်နိုင်ငံက ပြည်သူတွေ အလုပ်အကိုင်ပေါ်များမယ်။ ကျွမ်းကျင်မှုရှိသွားမယ်။ အလုပ်အကိုင် အခွင့်အလမ်းနဲ့ စီးပွားရေးအခွင့်အလမ်းတွေ အများကြီးတိုးလာစရာအကြောင်းရှိပါတယ်။ နည်းပညာနဲ့ပတ်သက်ပြီးတော့လည်း အဓိကကတော့ SMEsတွေကို ဘာကူညီပေးနိုင်မလဲဆိုတာကို လုပ်သွားဖို့ရှိတယ်။ ရွှေလုပ်ငန်းနဲ့ နီးနွယ်ဆက်စပ်နေတဲ့ SMEsတွေအကုန်လုံး အကျိုးဝင်လာမှာဖြစ်တယ်။ နိုင်ငံတော်နဲ့လည်းချိတ်ဆက်လုပ်ဆောင်ပေးသွားမယ်။

**မေး။ ။ အနာဂတ်မျှော်မှန်းချက်နဲ့ ပတ်သက်ပြီး ပြောလိုတာများရှိရင် ပြောကြားပေးပါဦး။**

ဖြေ။ ။ အဓိက ကျွန်တော်တို့လုပ်တဲ့ဟာသည် နိုင်ငံတော်ကောင်းဖို့ရယ်၊ နောက်မျိုးဆက်သစ်တွေ ကောင်းဖို့ရယ် စတဲ့ဟာတွေကို ဘက်စုံကကြည့်ပြီး လုပ်သွားရမှာဖြစ်တဲ့အတွက် အခက်အခဲကတော့ ကြုံရတယ်။ တစ်နေ့နေ့မှာတော့ ဒီအခက်အခဲတွေက ပြေလည်သွားမှာပါ။ အဲဒီအခါမှာ အားလုံးအတွက် ကောင်းသွားမှာဖြစ်ပါတယ်။ ။

## သံအမတ်ကြီး ဦးမင်းသိမ်းအား နယူးဇီလန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဩစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းသိမ်းအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် နယူးဇီလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ဆီးဂိမ်းပြိုင်ပွဲအော

## ဇေကမ္ဘာမြန်မာအိုးပင်းဇေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

Asian Tour သည် နှစ်စဉ် နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိပြီး ၂၀၁၃ ခုနှစ် ပထမဆုံးပြိုင်ပွဲဖြစ်သည့် ဇေကမ္ဘာ မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ မင်္ဂလာဒုံ ဥယျာဉ်မြို့တော်ရှိ Royal Mingaladon Golf & Country Club ၌ ကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် မြန်မာပီဂျီအေနှင့် Asian Tour တို့မှ ပူးပေါင်း၍ ဇေကမ္ဘာကုမ္ပဏီလီမိတက်၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခြင်းဖြစ်သည်။

၂၀၁၃ ခုနှစ် ဇေကမ္ဘာမြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို အာရှနိုင်ငံများအပြင် ဥရောပနိုင်ငံများဖြစ်သည့် ဆွီဒင်၊ ပြင်သစ်၊ ဖင်လန်၊ အင်္ဂလန်၊ စပိန်၊ နော်ဝေ၊ အိုင်ယာလန်၊ စကော့တလန်တို့နှင့် ဂေါက်သီးအင်အားကြီး အမေရိကန်နိုင်ငံမှ အန်တိုနီကင်း၊ ဘယ်ရီဟန်ဆန်တို့ အပါအဝင် ရှစ်ဦးပါဝင်ယှဉ်ပြိုင်ခဲ့သည်။ နိုင်ငံပေါင်း ၂၀ ကျော်မှ ဂေါက်သီးကစားသမား ၁၅၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံ၏ သာယာလှပမှု၊ တည်ငြိမ်အေးချမ်းမှုတို့အပြင် မြန်မာလူမျိုးတို့၏ ရင်းနှီးဖော်ရွေမှု၊ ကူညီရိုင်းပင်းတတ်မှုများကို နိုင်ငံတကာမှ သိမြင်ခံစားတွေ့ထိခဲ့ကြသည်။ ဇေကမ္ဘာကုမ္ပဏီအနေဖြင့်လည်း မြန်မာ့အားကစားလောက တိုးတက်ရေးကို အထောက်အကူပြုရန်နှင့် မြန်မာ့ဂေါက်သီးအားကစား တိုးတက်အောင်မြင်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် Sponsor ပေးခဲ့ခြင်းဖြစ်ရာ များစွာအကျိုးပြုခဲ့သည်ဟု ဆိုနိုင်ပေသည်။

လေးရက်ကြာ ကျင်းပခဲ့သည့်



သ

ဇေ

၂၀၁၃ ဇေ
ဂေါက်သီးရိုက်
စွာပြီးဆုံးခဲ့ပြိ
Chawalit
သတ်မှတ်ရိုက်
လျှော့ရိုက်ပြီး
ချန်ပီယံဆုအ
နောက်ဆုံးကျ
အနယ် ယှဉ်ပြ
ခဲ့ခြင်းဖြစ်သည
PLAPHOL
အတွဲမှ ယှဉ်ပြ
မြောက်မရိုက
နိုင်ငံသား PEF
ချက် ၁၇ ချက်
PLAPHOL
ကျင်း၌ လက်
သော အဆုံးသ
တစ်ချက်လျှော့
ကြောင့် ဇေ
ဂေါက်သီးရိုက်
ခြင်းဖြစ်သည်၊
PLAPHOL
လျှော့ရိုက်ပြီး



မွန်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်း
ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-ခင်

## အရှိန်လွန်ကားတိမ်းမှောက်၊ နှစ်ဦး သေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၁၉၀)ကျော်တွင် ယမန်နေ့ နံနက် ၁၂ နာရီခန့်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာ ယာဉ်မောင်းသူနှင့် ဇနီး သေဆုံးသွားကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းရလျှင်ရချင်း ပန်းတင်အမြန်လမ်းရဲစခန်းမှ သွားရောက်စစ်ဆေးရာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်နေ ဦးစိန်ဝင်းသန်း(၅၄)နှစ် မောင်းနှင်လာသော ၅ငြ/--- ပရိုဘောက်ကားက အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်မြေသားပေါ်သို့ ဆင်းသွားစဉ် တစ်ဖက်မှ စက်ဘီးစီးလာသူ လယ်ဝေးမြို့နယ် သစ်တောရွာနေ မောင်ဆွေနိုင်ဦးအား တိုက်မိပြီးနောက် လမ်းလယ်ကျွန်းပေါ်သို့တက်ကာ ကားလမ်းပေါ်သို့ ရောက်သွားပြီး တိမ်းမှောက်သွားခဲ့သည်။

ထိုယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဦးစိန်ဝင်းသန်းနှင့် ဇနီး ဒေါ်တင်စန်းတို့ ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားသည်။ ယာဉ်နှင့်တိုက်မိသည့် စက်ဘီးစီးသူလူငယ်မှာ ဒဏ်ရာများရရှိပြီး နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ ဆေးရုံသို့ တင်ပို့ထားကြောင်း သိရသည်။ **(ကြေးမုံ)**

## မှောင်ခိုတင်သွင်းလာသော မြွေကောင်ရေ ၄၀၀၀ ကျော် ရွှေလီတွင် ဖမ်းဆီးရမိ

**အောဝမ်းစိုး**

**ယူနန် ဖေဖော်ဝါရီ ၂၅**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်မှ ရဲတပ်ဖွဲ့ဝင်များသည် မကြာသေးမီက ပြုလုပ်ခဲ့သော မှောင်ခိုတိုက်ဖျက်ရေး စီးနင်းမှုတွင် တရားမဝင်တင်သွင်းလာသောမြွေကောင်ရေ ၄၈၁၅ ကောင်ကို ဖမ်းဆီးရမိခဲ့ကြောင်း ဒေသခံတာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၅ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ရွှေလီမြို့ရှိ သစ်တောဘက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက မြန်မာနိုင်ငံဘက်မှ သေတ္တာများဖြင့် ထည့်သွင်းတင်ဆောင်လာသော မြွေကောင်ရေ ၄၈၁၅ ကောင်ကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၄ နာရီခန့်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ရွှေလီရဲတပ်ဖွဲ့ဝင်များ၏အဆိုအရ ဖမ်းဆီးရမိသည့် တိရစ္ဆာန်များ၏ အလေးချိန်မှာ ၃ ဒသမ ၈ တန်ရှိပြီး ၎င်းတို့အနက် အရှေ့တိုင်းတွင် တွေ့ရသော ခလောက်ဆွဲအမြီးမြွေပွေး ၂၂၆၄ ကောင်၊ မြွေဟောက်ကောင်ရေ ၂၃၀ နှင့် မြွေပွေး ၂၃၂၁ ကောင် ဖြစ်သည် ဟု ဆိုသည်။

ရဲတပ်ဖွဲ့ဝင်များက သံသယရှိသူတစ်ဦးကိုဖမ်းဆီးထားပြီး ၎င်းတို့ အနေဖြင့် ဇန်နဝါရီ ၂၀ ရက် ကတည်းက တရားမဝင်မှောင်ခိုတင်သွင်းသူများ တရုတ်နိုင်ငံသို့ တိရစ္ဆာန်များ တင်သွင်းလာမည်ဖြစ်ကြောင်း ကြိုတင်သတင်းရရှိပြီး ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံတောင်ပိုင်းတွင် မြွေစားသုံးမှုဓလေ့ထွန်းကားလာလျက်ရှိပြီး မြွေရောင်းချဝယ်ယူခြင်းလုပ်ငန်းသည်လည်း မြင့်တက်လာလျက်ရှိသည်။ သို့သော်လည်း တရုတ်နိုင်ငံ၌ အန္တရာယ်ဖြစ်စေတတ်သော မြွေများကို သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်းများကို တရုတ်ဥပဒေအရ တားမြစ်ထားသည်။**ဆင်ဟွာ**

သစ် တော နှင့် သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

# မြေယာကျူးကျော် မြေကွက်ဖော်သည့်အဖွဲ့အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာအုပ်စု ဝါးဒတ်ကွင်းကျေးရွာရှိ စစ်တောင်းစက္ကူစက်ရုံပိုင် ယူကလစ်စက်မှုကုန်ကြမ်းစိုက်ခင်းမြေနေရာအား ဥပဒေမဲ့ကျူးကျော်၍ လူနေထိုင်ရန်အကွက်ချရာတွင် ဦးဆောင်ခဲ့သူ ဦးမြင့်စိုးနှင့် ပါဝင်သူ ကိုးဦးတို့အား စစ်တောင်းစက္ကူစက်ရုံမှ တရားလိုပြုလျက် နိုင်ငံပိုင်ပစ္စည်းပျက်စီးစေမှုဥပဒေပုဒ်မ ၆-၁ ဖြင့်လည်းကောင်း၊ သိမ်ဇရပ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ တရားလိုလုပ်ပြု၍ ရပ်/ကျေးအုပ်ချုပ်ရေးဥပဒေပါ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အခမ်းအနားကျင်းပခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၂၁ အား ကျူးလွန်ဖောက်ဖျက်ခြင်းဖြင့်လည်းကောင်း စွဲချက်များဖြင့် ဇန်နဝါရီ ၂၉ ရက်တွင် သိမ်ဇရပ်ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သဖြင့် သက်ဆိုင်ရာတရားရုံး၌ ကြားနာစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ယင်းအမှုကိစ္စနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းရာတွင် လွတ်လပ်သောအလုပ်သမားသမဂ္ဂ ဖြစ်မြောက်ရေးအထွေထွေ တာဝန်ခံဟုဆိုသူ ဦးမြင့်စိုးသည် ဝါးဒတ်ကွင်းကျေးရွာနေ ဦးအောင်ဝင်း ဦးဆောင်သောအဖွဲ့နှင့်အတူ ကျိုက်ထိုမြို့နယ် စစ်တောင်းစက္ကူစက်ရုံပိုင် ယူကလစ်စိုက်ခင်းဧရိယာအတွင်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှစတင်၍ အကျယ်ပေ (၆၀×၈၀) မြေကွက် (၃၀၂) ကွက်အား ဖော်ထုတ်ကာ မြေတစ်ကွက်လျှင် ၃၃၀၀၀ကျပ်နှုန်းဖြင့် နေရာချထားပေးခြင်း၊ လူနေတဲအိမ်များ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နေကြောင်း ကြားသိရသဖြင့် ဒီဇင်ဘာ ၁၉ ရက်တွင် ကျိုက်ထိုမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများက သွားရောက်၍ ဥပဒေနှင့်မညီညွတ်သောလုပ်ရပ်များ မလုပ်ဆောင်ရန်အတွက် အသိပညာပေးဟောပြောခဲ့ပြီး သတိပေးဆိုင်းဘုတ်နှင့် သတိပေးလက်ကမ်းကြော်ငြာများဖြန့်ဝေပေးခြင်း၊ အသိပေးကြေညာချက်စာရွက်များအား လူနေထိုင်နေသော ကျူးကျော်နေအိမ်များသို့ သွားရောက်ဖတ်ပြခြင်း၊ အိမ်မျက်နှာစာများ၌ လိုက်လံကပ်ပေးခဲ့ခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့သော်လည်း ကျူးကျော်အကွက်ချနေထိုင်ကြသူများဘက်က လိုက်နာမှုမရှိခဲ့သည့်အပြင် ပြည်တွင်းပြည်ပမီဒီယာများနှင့်တွေ့ဆုံကာ ကျူးကျော်သူများအဖွဲ့က ၎င်းတို့သာလျှင်မှန်ကန်သည် ဟူသောသဘောဖြင့် ပြောဆိုဝါဒဖြန့်၍ ကျူးကျော်တည်ဆောက်နေထိုင်ခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ရုံမျှမက ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီခန့်တွင် ၄ ပေ × ၃ ပေ အရွယ်အစားရှိသည့် ဗီနိုင်းပေါ်၌ ဦးမြင့်စိုး(Labour) ကိုယ်ထူကိုယ်ထ ကွက်သစ်၊ ဝါးဒတ်ကွင်းကျေးရွာ ဆိုင်းဘုတ်တင်ပွဲအား ပြုလုပ်ခဲ့သဖြင့် စစ်တောင်းစက္ကူစက်ရုံပိုင် ယူကလစ်ပင်ခုတ်လှဲခြင်း၊ ကျူးကျော်နေထိုင်ခြင်း၊ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အခမ်းအနားပြုလုပ်ခြင်း စသည်တို့ကျူးလွန်ဖောက်ဖျက်မှုဖြင့် ယခုကဲ့သို့ အမှုဖွင့်တရားစွဲဆိုရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေယာကျူးကျော်မှု ဖြစ်ပွားပေါ်ပေါက်နေစဉ်အတွင်း မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဝါးဒတ်ကွင်းကျေးရွာအား စနစ်တကျတရားဝင်တိုးချဲ့နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ကျေးရွာနှင့်တစ်ဆက်တစ်စပ်တည်း မြေဧက ၂၀ ပေါ်တွင် မြေကွက်ဖော်ထုတ်ကာ ဝါးဒတ်ကွင်းကျေးရွာအတွင်းမှ အိမ်ယာမဲ့ ၇၇ ဦးနှင့် စက္ကူစက်ယူကလစ်စိုက်ခင်းအတွင်း ဦးမြင့်စိုး ဦးဆောင်မှုဖြင့် တရားမဝင်ဥပဒေမဲ့ ကျူးကျော်နေထိုင်သူ ၉၁ ဦးတို့အား မဲစနစ်ဖြင့် နေရာချထားခြင်းကို ဆောင်ရွက်ခဲ့ရာ ဝါးဒတ်ကွင်းကျေးရွာအတွင်းရှိ အိမ်ယာမဲ့ ၇၇ ဦးစလုံး လာရောက်လက်ခံခဲ့သော်လည်း ဦးမြင့်စိုးဦးဆောင်မှုဖြင့် ယူကလစ်စိုက်ခင်းပေါ် ကျူးကျော်နေထိုင်သူ ၉၁ ဦး အနက် ၁၁ ဦးသာ လာရောက်လက်ခံခဲ့ပြီး ကျန်ရှိနေသော ကျူးကျော်သူများသည် ဦးမြင့်စိုး၏ ပြောဆိုစည်းရုံးမှုအရ ဆက်လက်ကျူးကျော်နေထိုင်လျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့သည် ကျူးကျော်နေထိုင်သူကျေးရွာသားများ နားလည်သဘောပေါက်အောင် စိတ်ရှည်ရှည်ဖြင့် ရှင်းလင်းဆွေးနွေးပြီး ကျန်ရှိနေသူများကို စနစ်တကျမြေနေရာချထားပေးရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လိုက်နာမှုမရှိပါက ဥပဒေအရတရားစွဲအရေးယူမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**





## တီထွင်ဆန်းသစ်

# နေရောင်ခြည် ရေဘူးမီးအိမ်

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

**ဒေါက်တာခင်မောင်အေး(ဇီဝိတ)**

ကျေးလက်ဒေသများတွင် အလင်းရောင်ရရေးအတွက် လျှပ်စစ်ဓာတ်အားကို နည်းလမ်းပေါင်းစုံ သုံးကြသည်။ ယခု ငွေမကုန် အန္တရာယ်မရှိ နည်းလမ်းတစ်ခုကို တင်ပြလိုပါသည်။

နေ့ခင်းဘက် မိမိ၏မှောင်နေသော အိမ်ခန်းများ မီတာခမကုန်ကျဘဲ အလင်းရောင်ရရှိနိုင်ပါသည်။

ဖိလစ်ပိုင်တွင် လက်တွေ့အသုံးချနေပါသည်။

သောက်ရေသန့် ပလတ်စတစ်ဘူးဟောင်းထဲသို့ ရေဖြည့်ပြီး အလင်းရောင်ရလိုသော အခန်းခေါင်မိုးအပေါက်(ရေဘူးအရွယ်)ထဲ ပုံပါအတိုင်း ရေဘူးအရစ်ကို သွပ်မိုးအပိုင်းနှင့် ဖမ်းထားပြီး စွပ်ထည့်ကာ ခိုင်ခံ့အောင် မိုးမယိုအောင် လုပ်ပါ။

နေရောင်ခြည်သည် ရေဘူးမှတစ်ဆင့် မှောင်နေသော အခန်းအား အလင်းရောင် ကောင်းစွာပေးနေသည်ကို ကျေးလက်ပြည်သူတို့အတွက် အထောက်အကူပြုစေမည့် တီထွင် စမ်းသပ်ထားမှုတစ်ရပ်ကို အတုယူနိုင်ရန် တင်ပြအပ်ပါသည်။

## ပြည်ထောင်စုဖလား ဘောလုံးပွဲစဉ်များ

၂၆-၂-၂၀၁၃

| | | | | |
|---|---|---|---|---|
| နံနက် ၇ နာရီ | ရောဝတီ | - | တနင်္သာရီ | လယ်ဝေးကွင်း |
| နံနက် ၇ နာရီ | ရန်ကုန် | - | ပဲခူး | ပေါင်းလောင်းကွင်း |
| နံနက် ၇ နာရီ | မန္တလေး | - | စစ်ကိုင်း | ဝဏ္ဏသိဒ္ဓိကွင်း |
| ညနေ ၃ နာရီခွဲ | ကချင် | - | ရှမ်း | ပေါင်းလောင်းကွင်း |
| ညနေ ၃ နာရီခွဲ | ချင်း | - | မွန် | လယ်ဝေးကွင်း |
| ညနေ ၃ နာရီခွဲ | ကရင် | - | ကယား | ဝဏ္ဏသိဒ္ဓိကွင်း |

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၆-၂-၂၀၁၃ (အင်္ဂါနေ့)**

| | |
|---|---|
| ၇း၀၃ | တရားတော် |
| ၇း၂၉ | မြန်မာ့ရှုခင်း |
| ၇း၅၃ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၄း၃၀ | အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၅း၂၂ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင်ဒုတိယတွဲ (အပိုင်း - ၈၁) |
| ၆း၃၀ | Fooball City Tour |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာထက်ကဖန်ရဲတိုက် (အပိုင်း-၂၉) |
| ၈း၀၀ | မြဝတီ ရုပ်မြင်သံကြားသတင်း -ဟာသရုပ်စုံ - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ပြည်သူ့တရားရှင်ပေါင်ချိန်” (အပိုင်း - ၁၃) - Mini Series |












အားကစား

# ရွှေနှင့်ခင်းမယ့် ပြေးလမ်းတွေ

သတင်း - လေဒီ၊ ဓာတ်ပုံ - သော်ဇင်စိုး



ပြေးခုန်ပစ်အားကစားသမားများ အပြင်းအထန် လေ့ကျင့်နေစဉ်။

ပြေးခုန်ပစ်အားကစားသည် ဆီးဂိမ်းစ်ပြိုင်ပွဲကြီး၏ မပါမဖြစ် အဓိက အားကစားနည်းဖြစ်သည်။ ယခု (၂၇) ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲကြီးတွင်လည်း ပြေးခုန်ပစ်အားကစားနည်းပါဝင်ပြီး ပြိုင်ပွဲအမျိုးအစားပေါင်း ၂၃ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ အမျိုးသားပြိုင်ပွဲ ၂၃ မျိုး၊ အမျိုးသမီးပြိုင်ပွဲ ၂၃ မျိုးကျင်းပမည်ဖြစ်ရာ စုစုပေါင်း ချီးမြှင့်မည့်ရွှေတံဆိပ်မှာ ၄၆ ဆု ဖြစ်သည်။ ဤအရေအတွက်သည် အောင်မြင်မှုရလိုသော ပြိုင်ပွဲဝင်နိုင်ငံများအတွက် မက်မောလောက်ဖွယ်အရေအတွက် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ပါဝင်မည့် အားကစားနည်း ၃၃ နည်းအနက် အများဆုံးပေးသော အရေအတွက်ဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။

အခြားပြိုင်ပွဲဝင် နိုင်ငံများထက် မြန်မာပြေးခုန်ပစ်အဖွဲ့အတွက် ပို၍မက်မောဖွယ်ကောင်းနေသည်ကိုလည်း တွေ့ရသည်။ မြန်မာပြေးခုန်ပစ်အဖွဲ့၏ အစဉ်အလာကောင်းများရှိခဲ့ခြင်း၊ အိမ်ရှင်အဖြစ်ကြိုတင်ပြင်ဆင်နိုင်ခြင်း၊ လိုအပ်သော ကစားသမားအရေအတွက် စုစည်းလေ့ကျင့်နိုင်ခြင်း စသည့်အချက်များသည် ရှေ့ကို မက်မောနိုင်သောအကြောင်းခြင်းရာများ ဖြစ်သည်။

၁၉၅၉ ခုနှစ်မှ စတင်ခဲ့သော ဆီးဂိမ်းစ်ပြိုင်ပွဲ (ကနဦး ၈ ကြိမ်က ကျွန်းဆွယ်ပွဲ)မှသည် ပြီးခဲ့သည့် (၂၆) ကြိမ်မြောက် ၂၀၁၁ အင်ဒိုနီးရှားဆီးဂိမ်းစ်ပြိုင်ပွဲအထိ မြန်မာပြေးခုန်ပစ်အဖွဲ့ အကြိမ်တိုင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ထို ၂၆ ကြိမ်အတွင်း ရွှေနှင့်လွဲခဲ့သော အကြိမ် ၅ ကြိမ်ရှိခဲ့သည်။ ၁၉၉၇၊ ၁၉၉၉၊ ၂၀၀၃၊ ၂၀၀၇နှင့် ၂၀၁၁ ခုနှစ်တို့တွင် ရွှေရရှိခဲ့ခြင်းမရှိခဲ့ပေ။ သို့သော် ၁၉၉၇-၁၉၉၉ ခုနှစ်တို့တွင် နှစ်ကြိမ်ဆက်မရခဲ့သည်မှလွဲ၍ ကျန်သုံးကြိမ်အတွင်း တစ်ကြိမ်ခြားရရှိခဲ့သည်ကို တွေ့ရသည်။ ဤသည်တို့မှအပ အခြား ၂၁ ကြိမ်တွင် မြန်မာပြေးခုန်ပစ်အဖွဲ့သည် ပြေးလမ်းကို ရွှေနှင့်ခင်းနိုင်ခဲ့သည့်အဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံ အောင်မြင်မှုဂုဏ်သိက္ခာကို အစဉ်တစိုက် အရောင်တင်ပေးနိုင်ခဲ့သည့်အဖွဲ့ဖြစ်သည်။ ဆီးဂိမ်းစ်ပြေးလမ်းများကိုသာမက အာရှပြေးလမ်းများအထိ ရွှေခင်းနိုင်ခဲ့သူများ ဖြစ်သည်။

ဆီးဂိမ်းစ်ပြိုင်ပွဲများတွင် မြန်မာပြေးခုန်ပစ်အဖွဲ့၏ ရွှေရောင်ကာလများမှာ ၁၉၇၀ ဝန်းကျင်မှ ၁၉၈၃ ဝန်းကျင်များဖြစ်သည်။ ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံအိမ်ရှင်အဖြစ်လက်ခံကျင်းပသော(၅)ကြိမ်မြောက်ကျွန်းဆွယ်ပွဲတွင် ရွှေတံဆိပ် ၂၀ ရရှိခဲ့ပြီး ၁၉၇၁ တွင် ကိုးခု၊ ၁၉၇၃ တွင် ၁၇ ခု၊ ၁၉၇၅ တွင် ၁၇ ခု၊ ၁၉၇၇ တွင် ၁၆ ခု၊ ၁၉၇၉ တွင် ၁၅ ခု၊ ၁၉၈၁ တွင် ၁၃ ခု၊ ၁၉၈၃ တွင် ၁၀ ခု ရရှိခဲ့သည်။ ထို့နောက်ပိုင်းတွင် ရွှေတံဆိပ် ၁၀ ခု ရသော ဆီးဂိမ်းစ်မရှိတော့ပေ။ မြန်မာရွှေရောင်လမ်းများ တဖြည်းဖြည်းမှိန်လာခဲ့သည်ကို တွေ့ရသည်။ ၁၉၉၃ ခုနှစ် နောက်ပိုင်းကာလများတွင် ပို၍မှိန်သထက်မှိန်လာသည်။ ၂၀၀၅ တွင် ရွှေလေးခုဖြင့် ဖျပ်ခနဲ လက်ပြလိုက်သေးသော်လည်း ပျံ့သွားသော ပိုးစုန်းကြူးရောင်ကို မြင်တွေ့လိုက်ရသည့် ပုံစံမျိုးသာ ဖြစ်ခဲ့သည်။

သို့ဖြစ်ရာ ယခုပြိုင်ပွဲဝင်ရန် အပြင်းအထန်လေ့ကျင့်နေသော မြန်မာပြေးခုန်ပစ်အဖွဲ့၏ ပခုံးပေါ်သို့ သမိုင်းတာဝန်ကြီးနှစ်ရပ် ရောက်ရှိလာသည်ကို တွေ့ရသည်။ ပထမတာဝန်မှာ တစ်ချိန်က အောင်မြင်မှုအစဉ်အလာကိုပြန်လည်ထိန်းသိမ်းရန်ဖြစ်ပြီး ဒုတိယတာဝန်မှာ မှိန်ပျောက်ခဲ့သော ရွှေရောင်လမ်းကို ပြန်လည်အရောင်တင်ပေးရန်ဆိုသော တာဝန်နှစ်ရပ်ဖြစ်ပါသည်။ ထိုတာဝန်နှစ်ရပ်ကို ကျေပွန်အောင် ထမ်းဆောင်ရန်မှာ အိမ်ရှင်အဖြစ်ပြုလုပ်သော ဤပြိုင်ပွဲကြီးက အခွင့်အလမ်းကြီးဖြစ်သည်။ ဤအခွင့်အလမ်းကောင်းကို လက်မလွတ်တမ်းဆုပ်ကိုင်နိုင်ရန် မြန်မာပြေးခုန်ပစ်အဖွဲ့ အားကြိုးမာန်တက်ကြိုးစားနေသည်ကိုလည်း အားရဖွယ်တွေ့ရပါသည်။

တာတို၊ တာလတ်၊ တာဝေး၊ လမ်းလျှောက်၊အခုန်၊ အပစ်နည်းများအတွက် တရုတ်နိုင်ငံသားနည်းပြ ခြောက်ဦးနှင့် အထူးလေ့ကျင့်လျက်ရှိသည်။ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြသန်းထိုက်က တရုတ်နည်းပြများကို ချီးကျူးထားသည်။ နိုင်ငံတကာအဆင့်မီနည်းပြများဖြစ်ကြောင်း ပြောသည်။ "တာဝေးနည်းပြဆိုရင် တရုတ်လက်ရွေးစင်ဟောင်းတစ်ဦးပါ။ ၁၉၈၈ ဆိုးလ် အိုလံပစ်ပြိုင်ပွဲကို ဝင်ပြိုင်ဖူးတဲ့သူပါ။ အပစ်နည်းပြလည်း တော်တော်လေးအဆင့်ရှိတဲ့သူပါ။ခြုံပြီးပြောရရင် သူတို့ခြောက်ယောက်လုံး နိုင်ငံတကာအဆင့်ရှိတဲ့သူတွေပါ" ဟု ဦးမြသန်းထိုက်က ပြောသည်။

တစ်ချိန်က ရွှေတံဆိပ်တွေရခဲ့ပြီး နာမည်ကြီးခဲ့ကြသည့် ပပ၊ မြင့်မြင့်အေး၊ ကေခိုင်၊ ယဉ်ယဉ်ခိုင်၊ နေအောင်၊ ကျော်ဆန်းလင်းတို့လို လူဟောင်းများကိုလည်း ပြန်လည်ခေါ်ယူအားဖြည့်ထားရာ လူငယ်သွေးသစ်များအတွက်ပါ များစွာ အားတက်စေမည်ဖြစ်ပါသည်။ "လူငယ်တွေအနေနဲ့ သူတို့လူဟောင်းတွေကို မကျော်နိုင်သေးဘူး"ဟု ဦးမြသန်းထိုက်က သူ့အမြင်ကို ပြောသည်။ မြင့်မြင့်အေးဆိုလျှင် ရိုးမရန်ကုန်မာရသွန်ပြိုင်ပွဲတွင်ပထမဆုပင် ဆွတ်ခူးပြလိုက်ပါသေးသည်။ ဦးမြသန်းထိုက်ကတော့ အကောင်းဆုံးလူစာရင်းတွေ ရရှိနေပြီဟု ထင်ကြောင်းပြောသည်။ မှန်ပါသည်။ ပြေးခုန်ပစ်အဖွဲ့သည် ကစားသမားများတွင်သာမက နည်းပြအင်အားပိုင်းတွင်ပါ ထုနှင့်ထည်နှင့် ရှိနေသည်ကို တွေ့ရသည်။ တစ်ချိန်ကနာမည်ကြီးများဖြစ်ကြသည့် ဒေါ်သန်းသန်း၊ဒေါ်ခင်အုန်း၊ ဒေါ်ခင်ညို၊ ဒေါ်မာမာမင်း၊ ဒေါ်နွဲ့နွဲ့အေးစသည်တို့ကလည်း အနီးကပ်ကြီးကြပ်ပြသလျက်ရှိရာ ပြေးခုန်ပစ်က ခင်းပေးမည့် ရွှေလမ်းတွေကို မှန်းမျှော်ရင်ခုန်နေမိပါတော့သည်။ ။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စာကြည့်တိုက်များအတွက် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၆-၂-၂၀၁၃ရက်မှ ၄-၃-၂၀၁၃ရက်အထိ ရုံးဖွင့်ရက်များတွင် နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၀၀နာရီအတွင်း ရုံးအမှတ်(၃၅)၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၊ အမှတ်(၈၅-အေ)၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ် ဖုန်း-၀၁-၆၆၃၉၀၂တို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၅-၃-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၁၀း၀၀နာရီမှ ၁၁း၀၀နာရီအတွင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၅)ရှိ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက် ကျော်လွန်သောတင်ဒါများနှင့် မပြည့်စုံသောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (ရုံးချုပ်)၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ဖုန်း-၀၉-၄၉၃၄၃၇၉၈၊ ၀၁-၆၆၃၉၀၂များသို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**






















**အထက်မြန်မာပြည်သတင်း**

# သာစည်မြို့ လှိုင်းတက်ကျေးရွာအုပ်စု မယ်ဇလီကန်ကျေးရွာမှ မြန်မာ့ရိုးရာအိုးလုပ်ငန်း

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့ အရှေ့ဘက် ၇ မိုင် ၄ ဖာလုံခန့် ကွာဝေးသည့် သာစည်-တောင်ကြီးကားလမ်းမကြီး အနီးတွင် လှိုင်းတက်ကျေးရွာ တည်ရှိသည်။ လှိုင်းတက်ကျေးရွာနှင့် ကပ်လျက် လှိုင်းတက်ကျေးရွာအုပ်စု အတွင်းရှိ မယ်ဇလီကန်ကျေးရွာ တည်ရှိသည်။ မယ်ဇလီကန်ကျေးရွာသည် လှိုင်းတက်ကျေးရွာ အုပ်စု အတွင်း အိမ်ခြေ ၃၀၀ ကျော်ခန့်ရှိသည့် ရွာကြီးတစ်ရွာဖြစ်ပြီး ကျေးရွာအုပ်စုအတွင်း မိရိုးဖလာ မြန်မာ့ရိုးရာ အိုးလုပ်ငန်းကို အများဆုံးလုပ်ကိုင်သည့် ရွာကြီးဖြစ်ပါသည်။

"တစ်ရွာလုံးက မိသားစုတိုင်း အိုးလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ခုလို တောင်သူလုပ်ငန်းနားချိန်မျိုးမှာ အိုးလုပ်ငန်းကို စတင်လုပ်ကိုင်ကြတာပါ။ လှိုင်းတက်ကျေးရွာအုပ်စု အတွင်းက ထွက်တဲ့ အိုးမှန်သမျှ လုပ်ပုံလုပ်နည်း တစ်ပုံစံတည်းမို့ လှိုင်းတက်အိုးလို့ပဲ ခေါ်ကြပါတယ်။ လှိုင်းတက်အိုးက သဲပါတော့ နွေအခါ ရေထည့်ထားရင် အေးတယ်။ သောက်ရေအိုးဆို ဘာအိုးလဲမမေးနဲ့ လှိုင်းတက်အိုးပါပဲ။ အိုးထွက်တဲ့ တပ်ကုန်း၊ နွားကူး၊ ရန္တပို စတဲ့ဒေသတွေကတောင် သောက်ရေအိုးဆို လှိုင်းတက်က အိုးကိုပဲ မှာယူသုံးစွဲကြတာပါ" ဟု မယ်ဇလီကန်ကျေးရွာမှ အိုးလုပ်ငန်းလုပ်ကိုင်သူ ဦးသိန်းအောင်က ပြောသည်။

လှိုင်းတက်အိုးများ လုပ်ကိုင်ရန်အတွက် အဓိကကုန်ကြမ်းမြေကို ရွာအရှေ့ဘက်ရှိ တောထဲမှ မြေများ သွားရောက်တူးဖော်ရပြီး မြေဝါ (ဝါညိုရောင်)နှင့် မြေနက်နှစ်မျိုး တူးဖော်ရသည်။ နှစ်မျိုးစပ်မြေကိုမှ အိုးလုပ်ငန်းလုပ်ရာတွင် အသုံးပြုရသည်။ နှစ်မျိုးစပ်ထားသည့် မြေကို နေလှန်း၊ ထုချေ၊ ဆန်ခါတိုက်ချပြီး ဆန်ခါပေါ်တွင် တင်ကျန်သည့် မြေခဲများကို ရေဖြင့်ဖျော်ပြီး ဆန်ခါမှ အောက်ကျသည့် မြေမှုန့်များကို ရေဖြင့်ဖျော်ထားသည့် ရွှံ့စေးရည်ဖြင့် လောင်းကာ နယ်နှပ်ပေးရသည်။ နယ်နှပ်ရရှိသည့် မြေစေးကို သဲဖြူသန့်သန့် ပြန့်ပြန့်ပြူးပြူး ဖြူးထားသည့်နေရာတွင် တင်ချလျက် ဖြန့်နှင်းရသည်။ လိုအပ်သည့် အတိုင်းအတာအထိ ဖြန့်နှင်းပြီးလျှင် အိုးလုပ်နိုင်သည့်မြေစေးကိုရပြီဖြစ်သည်။ ရရှိသည့်မြေစေးကို ပြုလုပ်မည့် အိုးငယ်၊ အိုးကြီး ပမာဏအလိုက် ပိုင်းတုံးပြီး အိုးပုံဖော်သည့် ခုံတွင် အိုးပုံကြမ်းကို လက်ဖြင့် လှည့်လည်ပုံဖော်သည်။ ၎င်းနောက် အိုးကို အိုးရိုက်တံဖြင့် ပုံဖော်ရိုက်နှက်ရသည်။ အိုးရိုက်တံတွင် ပုံဖော်လိုသည့် ပန်းခက်ပန်းလက်မျိုးစုံကို ထွင်းထားပြီး မိမိလိုအပ်သည့် ပုံများကို ဖော်ခြင်းဖြစ်သည်။ ၎င်းနောက် ရိုက်ပြီး အိုးများကို တစ်နေခန့် နေပြပြီး အိုးဖုတ်မည့် အိုးအရေအတွက်ရလျှင် အိုးဖုတ်ကြသည်။ အိုးဖုတ်ရာတွင် ကွင်းပြင်ထဲတွင် အောက်ခံထင်း၊ ကောက်ရိုးခင်းလျက် အိုးများကို ရစ်ခွေ အထပ်လိုက်စီချပြီး ဘေးပတ်ပတ်လည်မှ လောင်စာထင်းသားကို အိုးများ၏ ဘေးဘက်နှင့် အပေါ်ဘက်တွင် ဖုံးအုပ်ရသည်။ မယ်ဇလီကန်ကျေးရွာတွင် အသုံးပြုသည့် ထင်းသားလောင်စာမှာ သစ်ပင်အခေါက်များဖြစ်သည်။ လောင်စာဖုံးအုပ်ပြီးလျှင် ကောက်ရိုးဖြင့် တစ်ထပ်ဖုံးအုပ်ကာ မီးရှို့ အိုးဖုတ်ရသည်။ ညနေ ၃ နာရီခန့်မှ စတင်အိုးဖုတ်လျှင် ည ၈ နာရီခန့်တွင် အိုးဖုတ်ခြင်းလုပ်ငန်းပြီးဆုံးကြောင်း သိရသည်။

"မယ်ဇလီကန်ကျေးရွာက ထွက်တဲ့အိုးတွေကို ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနား၊ နေပြည်တော်၊ နွားကူး၊ တောင်ကြီး၊ ပင်လောင်း၊ လွိုင်ကော်၊ တောင်သာ၊ မြင်းခြံ၊ သာစည်၊ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း စတဲ့ ဒေသအစုံကို တင်ပို့ရောင်းချရပါတယ်။ အိုးငယ် ၁၀၀၊ အိုးကြီး ၁၆၀ ဆိုပြီး ရောင်းချရတယ်။ ဝယ်ယူမယ့်မြို့တွေဆီကို ကားအစီးလိုက် တင်ပို့ရောင်းချရတာပါ။ အဲဒါမျိုးတင်ပို့ရောင်းချတာကို ရွာမှာ အိုးပွဲစားလုပ်ငန်း လုပ်ကိုင်သူတွေက တာဝန်ယူလုပ်ကိုင်တာပါ။ ရွာက အိုးလုပ်သူတွေက အိုးပွဲစားတွေဆီမှာ သူတို့ရောင်းလိုတဲ့ အိုးမှန်သမျှကို အိုးပွဲစားတွေဆီ လာသွင်းကြပါတယ်။ ရွာမှာ အိုးပွဲစားလုပ်ငန်း လုပ်ကိုင်တဲ့သူ ၁၅ ဦး ခန့်ရှိပါတယ်။ အခုလည်း ရမည်းသင်းကို တင်ပို့ရမှာမို့ အိုးတွေကို ကားပေါ်တင်နေတာပါ"ဟု မယ်ဇလီကန်ကျေးရွာမှ အိုးပွဲစားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးက ပြောသည်။



သာစည်မြို့ လှိုင်းတက်ကျေးရွာအုပ်စုအတွင်းရှိ မယ်ဇလီကန်ကျေးရွာမှ မိရိုးဖလာ မြန်မာ့ရိုးရာ အိုးလုပ်ငန်းလုပ်ကိုင်သူများသည် မိမိတို့ အိမ်တွင်းတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းကို မိသားစုအလိုက် လုပ်ကိုင်နေကြသည်မှာ ကျေးရွာဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပြုနေသည့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ရည်မှန်းချက်နှင့်ကိုက်ညီပြီး ဒေသခံ အိုးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် အိုးလုပ်ငန်းအတွက် အထောက်အကူပြုနိုင်မည့် အရင်းအနှီးငွေကြေးကို သက်ဆိုင်ရာတာဝန်ရှိသူများမှ သမဝါယမ ငွေစုငွေချေးအသင်းများ ဖွဲ့စည်းထူထောင်ပြီး ပံ့ပိုးကူညီကြရန် မျှော်လင့်လျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။ **(၁၇၉)**

# ဈေးလေးအဝိုင်းကြီး၌ မီးပွိုင့်တပ်ဆင်ရန် လိုအပ်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့သည် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးနှင့် ခရီးသွားလာရေးအစရှိသော လုပ်ငန်းများနှင့် ပြည့်စုံစည်ကားလျက်ရှိပြီး အဘက်ဘက်မှလည်း စည်ပင်သာယာလှပလျက်ရှိသည်။ မြို့တွင်း လူဦးရေနေထိုင်မှုမှာလည်း တစ်နေ့နှင့်တစ်နေ့မတူ ထူထပ်တိုးပွားလာခဲ့သည်။ ဆိုင်ကယ်၊ စက်ဘီး၊ ကားများမှာလည်း များပြားလာသည်နှင့်အညီ မြန်မာပြည်အရပ်ရပ်မှ ခရီးသွားများနှင့် မန္တလေးမှ တရုတ်ပြည်သို့ ကုန်စည်တင်ပို့သော ယာဉ်များနှင့် သွားလာမှုများ ရှုပ်ထွေးလျက်ရှိသည်။

ထိုသို့ ရှုပ်ထွေးနေသော ယာဉ်ယန္တရားများ စည်ကားလာသလို လမ်းပန်း ဆက်သွယ်ရေးမှာလည်း ပြောင်းလဲသင့်ပါသည်။ မန္တလေးမြို့မှ တရုတ်ပြည်သို့ ကုန်စည်တင်ပို့သော ယာဉ်များမှ ဟိုင်းလတ်၊ ဒိုင်နာ၊ ကွန်တိန်နာ၊ ခြောက်ဘီး၊ ၁၂ ဘီး၊ ၁၈ ဘီးနှင့် ၂၂ ဘီးများမှာလည်း ပြင်ဦးလွင်မြို့သို့ဖြတ်လျှင် ခတ်ဆီဆိုင် အဝိုင်းဖြတ်ပြီးမှ ဘူတာလမ်းအတိုင်း မောင်းနှင်ရပြီး ဈေးလေးအဝိုင်းမှပတ်ကာ လားရှိုးလမ်းဘက် ခရီးဆက်ကြရသည်။ ပြင်ဦးလွင်မြို့တွင် ခတ်ဆီဆိုင်အဝိုင်း၊ ဂန္ဓမာအဝိုင်းနှင့် ဈေးလေးအဝိုင်း သုံးခုရှိရာမှ ဈေးလေးအဝိုင်းကြီးမှာ အလွန်ကြီးမားသောကြောင့် နောက်တွဲယာဉ်ကြီးများ ထိုအဝိုင်းကြီးကို ကွေ့ပတ်ရာတွင် အဝိုင်းကြီးကို ထိခိုက်မိပြီး မကြာခဏ ပြဿနာဖြစ်ပွားကြရသလို ယာဉ်တိုက်မှုများနှင့် ဒေသခံပြည်သူများမှာလည်း အဝိုင်းပတ်ရာတွင်လည်း အခက်အခဲကြုံတွေ့နေကြရသည်။

ယခင်မန္တလေးမြို့ သိပ္ပံလမ်းအဝိုင်းကြီးမှာလည်း ထိုသို့အခက်အခဲများကြောင့် မီးပွိုင့်အသွင်သို့ ပြောင်းလဲခဲ့ကြရသည်။ ထို့ကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ဒေသတွင်း အဆင့်မြှင့်တင်ရေးနှင့် ဒေသခံပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်း ပြောင်းလဲစေရေးတို့အတွက် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဈေးလေး လမ်းစုံအဝိုင်းကြီးအား နိုင်ငံတကာ အဆင့်မီ မီးပွိုင့်များအဆင့်(အသွင်)သို့ တိုးတက်ပြောင်းလဲရန် လိုအပ်လျက်ရှိပါသည်။

**(၆၁၄)**



# ပခုက္ကူတက္ကသိုလ် ပါမောက္ခချုပ် တံခွန်စိုက်ဒိုင်း ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပခုက္ကူ ဖေဖော်ဝါရီ ၂၅**

ပခုက္ကူတက္ကသိုလ် အားကစားနှင့်ကာယပညာကော်မတီမှ ကြီးမှူးကျင်းပသော ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပါမောက္ခချုပ် တံခွန်စိုက်ဒိုင်း အထူးပြုဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီတွင် ပခုက္ကူတက္ကသိုလ် ဘောလုံးကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် ဘူမိဗေဒဘာသာရပ်အသင်းနှင့် ရူပဗေဒဘာသာရပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရူပဗေဒဘာသာရပ်အသင်းက ဘူမိဗေဒဘာသာရပ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆုချီးမြှင့်ရာတွင် ဒုတိယဆုရရှိသည့် ဘူမိဗေဒဘာသာရပ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ရူပဗေဒပါမောက္ခ/ဌာနမှူး ဒေါ်ကြည်ကြည်ဝင်းကလည်းကောင်း၊ ပထမဆုရရှိသည့် ရူပဗေဒဘာသာရပ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ဘူမိဗေဒပါမောက္ခ/ဌာနမှူး ဒေါက်တာစုစုဝင်းကလည်းကောင်း၊ ပထမဆုရရှိသည့် ရူပဗေဒဘာသာရပ်အသင်းအား ဆင့်ပွားဒိုင်းနှင့် တံခွန်စိုက်ဒိုင်းဆုကြီးတို့ကို တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဦးချိုကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အောင်(မန်းတက္ကသိုလ်)**

# ကွန်ပျူတာနှင့် သတင်းအချက်အလက် နည်းပညာပြပွဲ ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးမြို့ မြို့တော်ခန်းမတွင် (၁၁)ကြိမ်မြောက် ကွန်ပျူတာနှင့် သတင်းအချက်အလက် နည်းပညာပြပွဲကို မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာ လုပ်ငန်းရှင်အသင်းနှင့် ကွန်ပျူတာ ပညာရှင်အသင်းတို့က နှစ်စဉ်ကျင်းပမြဲအတိုင်း မတ် ၁ ရက်မှ ၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

မန္တလေးမြို့နှင့် အထက်မြန်မာပြည်မှ လုပ်ငန်းရှင်များ၊ ကျောင်းသားကျောင်းသူများနှင့် နည်းပညာလေ့လာလိုသူများအတွက် ICT နည်းပညာ ပြန့်ပွားသိရှိစေရေး၊ ICT လုပ်ငန်းရှင်များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို မန္တလေးမြို့နှင့် ပတ်ဝန်းကျင်လူထုအကြား ပို့ဆောင်ပေးနိုင်ရေး အစရှိသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ ကုမ္ပဏီ ၃၄ ခုကျော်မှ ပြခန်းပေါင်း ၇၃ ခန်း ပါဝင်ပြသကြမည်ဖြစ်ပြီး ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Notebook များ၊ ဒစ်ဂျစ်တယ်ပစ္စည်းများ၊ မိုဘိုင်းပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်သည့် စိတ်ဝင်စားဖွယ် နောက်ဆုံးပေါ် ခေတ်မီပစ္စည်းများ၊ ခေတ်မီကွန်ပျူတာနည်းပညာများကို အများပြည်သူများ စိတ်ကြိုက်လေ့လာနိုင်ကြရန် စီစဉ်ထားရှိသည်။

ကွန်ပျူတာ အသင်းများကလည်း ပြခန်းပါဝင်မည်ဖြစ်ပြီး အသင်းဝင်များအား ပြပွဲကာလအတွင်း ဗလာမပါ ကံစမ်းမဲအစီအစဉ် ပြုလုပ်ပေးမည်ဖြစ်သည်။ နိုင်ငံတကာ အသိအမှတ်ပြု သင်တန်းများအကြောင်းကိုလည်း လေ့လာနိုင်မည်ဖြစ်ကာ ခေတ်မီတိုးတက်နေသည့် ကွန်ပျူတာနည်းပညာကို မည်သူမဆို အခမဲ့ လာရောက် လေ့လာနိုင်မည်ဖြစ်သည်။ ကွန်ပျူတာနှင့် သတင်းအချက်အလက် နည်းပညာပြပွဲကို နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်သည်။ **(၀၀၂)**



# ဘုံဆွမ်းလောင်းလှူရန် ထမနဲထိုး

**မန္တလေး ဖေဖော်ဝါရီ ၂၅**

၁၃၇၄ ခုနှစ် တပို့တွဲလပြည့်နေ့ ဘုံဆွမ်းလောင်း လှူဒါန်းရန် ဒုတိယအကြိမ်မြောက် စုပေါင်းထမနဲထိုးပွဲကို ဖေဖော်ဝါရီ ၂၄ရက်တွင် အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် အရန်မီးသတ်ရုံး**(အပေါ်ပုံ)**၌ပြုလုပ်သည်။

အဆိုပါရပ်ကွက်ပြည်သူများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ထမနဲ ၁၅ပြည်ကို တပ်စုမှူးစိုးလင်းနှင့် တပ်ဖွဲ့ဝင်များက တပျော်တပါး ထမနဲထိုးကြရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူ၊ ခရိုင် အရန်မီးသတ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်မင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုတို့က ကြည့်ရှုအားပေးသည်။ အဆိုပါ ထမနဲ ၁၅ ပြည်ထိုးပြီး တပို့တွဲလပြည့်နေ့ နံနက် ၅ နာရီမှစတင်၍ သံဃာအပါး ၂၀၀ ကို ဘုံဆွမ်းလောင်း လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(၃၈၇)**

# ပျဉ်းမနားမြို့၌ တရားမဝင် ဆေးဝါးများ ဖမ်းဆီးရမိ

**ပျဉ်းမနား ဖေဖော်ဝါရီ ၂၅**

နေပြည်တော်ရဲတပ်ဖွဲ့ ထောက်လှမ်းရေးနှင့်နိုင်ငံရေးဌာနစုမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပျဉ်းမနားရဲစခန်းမှ တာဝန်ရှိသူများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ပျဉ်းမနားမြို့တွင်း အိမ်သုံးဆေးအရောင်းဆိုင် နှစ်ဆိုင်မှ တရားမဝင်ဆေးဝါးပစ္စည်းမျိုးစုံ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရဲတပ်ဖွဲ့ ထောက်လှမ်းရေးနှင့်နိုင်ငံရေးဌာနစုမှ ဒုတိယရဲအုပ်ကျော်မင်းထူး၊ ပျဉ်းမနားရဲစခန်းမှ ဒုတိယရဲအုပ်မင်းကိုထွေးနှင့် တပ်ဖွဲ့ဝင်များ၊ ပျဉ်းမနားဆေးရုံ ခုတင်(၂၀၀) မှ ဒေါက်တာအောင်နိုင်ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွာကောက်ရပ်ကွက်သူကြီးစု(၂) အမှတ်(၄/၅၆) ရှိ ဇော်ဇော် (၄၁)နှစ်၏ ဆေးဆိုင်အား ဝင်ရောက်ရှာဖွေရာ တရားမဝင်ဆေးဝါးပစ္စည်း ၂၄ မျိုးအား တွေ့ရှိ၍ သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့ကြောင်း သိရသည်။

မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ထောက်လှမ်းရေးနှင့်နိုင်ငံရေးဌာနစုမှ ဒုတိယရဲအုပ်အောင်အောင်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနား-တောင်ညိုလမ်းမကြီး၏ ပျဉ်းမနားမြို့ ဆင်ရတနာမီးပွိုင့်အနီးရှိ မြင့်လွင် (၂၈)နှစ် ရွှေချို(၇)လမ်း ပျဉ်းမနားမြို့နေသူ ပိုင်ဆိုင်သည့် "စွမ်းထက်" ဆေးဆိုင်အား ဝင်ရောက်ရှာဖွေရာ တရားမဝင်ဆေးဝါးပစ္စည်းများနှင့် အခြားတရားမဝင်ဆေးဝါးပစ္စည်းစုစုပေါင်း ၄၉ မျိုးတွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ပြီး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်ငြိမ်းချမ်း (နပတ)**

## အခန်းဆက်ဝတ္ထု

# နှင်းငွေတစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



**(ယမန်နေ့မှအဆက်)**

သည်အရွယ်က လှပြီဆိုလျှင် ဘယ်အရွယ်မှ လိုက်မမီအောင်လှသည်။ ပူရပင်ရ လွမ်းရင့်ရသည်ကို မသိသေးတော့ အကြောမသန်းသေးသည့် မျက်လုံးပြာပြာဝန်းဝန်းလေးတွေကအစ အပြစ်ကင်းပြီး သန့်စင်လှသည်။ ပိုင်လိုသုံးလိုသော ကာမဂုဏ်ဆန္ဒထက် အလှကိုအလှအတွက် သက်သက်သန့်သန့် မြတ်နိုးသောစေတသိက်ကို မွေးဖွားပေးတတ်သော အလှ။

ဦးမြင့်နွယ်၏ ရင်မှာ လှုပ်ရှားလာသည်။ လွမ်းလွမ်းဆွေးဆွေး တမ်းတမ်းတတ လှုပ်ရှားလာသည်။

ပစ္စုပ္ပန် စိတ္တဇဘဝ ဆောင်းညမှာ အတိတ်မိုးမြူတို့ လွှမ်းမိုးခိုဝင်လာပြီမှန်း သတိပြုမိသည်။

လာပါစေလေ၊ ဝင်ပါစေ။ ကိုယ်ကတော့ နှလုံးသားကို တံခါးပိတ်မထားပါ။ ပိတ်ထားဖို့လည်း မဝံ့ပါ။ ဩော် . . . ပိတ်ထားလို့ကလည်း မရပါ။

မှတ်တောင် မှတ်မိပါသေးတယ် စင်သီယာ။

ကိုယ်က ရှင်မဟာရဋ္ဌသာရရဲ့ စာကို ညည်းမိခဲ့ဖူးတယ်။ ကိုယ်ဆိုတာက ရှင်မဟာရဋ္ဌသာရနဲ့ ယှဉ်လိုက်ရင် ဘာကောင်မှ မဟုတ်သေးပါဘူး။ စင်သီယာကတော့ ကိုယ့်ရဲ့ ဝဏ္ဏပဘာပေါ့။ ဒါကြောင့်လည်း ကိုယ်ဆိုမိရတယ်။

"ဆယ့်ခြောက်နှစ်ပြည့်၊ မြင့်၏မထင်၊ မွတ်မွတ်စင်သား၊ မြိတ်သွင်လွှတ်စို့၊ ပြာသွယ်ညို့ကို၊ နတ်ကဲ့သို့ပင်၊ နောင်မင်းထင်သား . . ."

ရှေးကျွန်းတိုင်ကြီးတို့ အတန်ယိုင်နေပြီဖြစ်သော ကမ်းနီကျောင်းအိုကြီးထက်တွင် ဆရာတော်ကြီး၏ ရှေ့မှောက်၌ ရှင်ပညာသာမိလူထွက် မြင့်နွယ်သည် လက်အုပ်ချီလျက် ထိုင်နေသည်။

ဆရာတော်က အိုမင်းလှပြီ။ စက္ခုနှစ်ကွင်းကလည်း အလင်းမရ။ အလင်းသာမရသည် သည်စက္ခုတော်တို့ မမြင်သည်က ရှိပါသေးရဲ့လား။ မြင့်နွယ်တို့လို အရွယ်ကို ဆရာတော်သည် ငါ့မြေးဟုခေါ်တတ်သည်။ မိမိကိုယ်တော်ကိုလည်း ဘိုးဘိုးဟု သုံးနှုန်းတတ်သည်။

ယခု ဆရာတော်က အေးချမ်းတည်ငြိမ်လှသော အသံတော်ဖြင့် မြင့်နွယ်ကို ဆုံးမအမှာစကား မြွက်ကြားနေသည်။

" ငါ့မြေး မြင့်နွယ်၊ ငါ့မြေး အမြင့်ကနေ အနိမ့်ကို ဆင်းပြီ၊ ဒါကို မမေ့နဲ့ကြားလား၊ အစကတည်းက ငါ့မြေးဟာ မိခင်အလိုကျ မိခင်ကုသိုလ်ရအောင် ကျောင်းပိတ်ရက်ကလေးမှာ သာမဏေဘောင် ခဏတက်လာတာဆိုတော့ အင်း. . . လူထွက်တာကို ဘိုးဘိုးမတားမြစ်လိုဘူး၊ ငါ့မြေး တာဝန်ကျေခဲ့ပြီ၊ သာမဏေဘဝမှာ ငါ့မြေးဟာ ဆယ်ပါးသောသီလနဲ့ ရှင်ကျင့်ဝတ်တွေ မပျက်ခဲ့ဘူး၊ ဒါကို ဘိုးဘိုးသိတယ်၊ ဒါတောင် လူထွက်ခါနီး အဖျက်ကလေးက လာချင်သေးတယ် "

မြင့်နွယ်က ထိတ်လန့်ပြီး ဆရာတော်ကြီးကို မော်ဖူးသည်။

ဆရာတော်က အသာအယာ ရယ်မောတော်မူသည်။

" ဒါပေမယ့် ငါ့မြေး မပျက်ပါဘူးလေ၊ ချမင်းတုပ်သို့၊ စိတ်ချုပ်မဖွင့်၊ ပျံ့လွင့်မေတ္တာ ကရုဏာတဲ့၊ ငါ့မြေးဟာ စိတ်တံခါး မင်းတုပ်ကို ချထားနိုင်ခဲ့တာ ဘိုးဘိုးသိပါတယ်"

မြင့်နွယ်က အောင့်ထားသောအသက်ကို လွှတ်လိုက်၏။ တော်ပါသေးရဲ့။

"ချမင်းတုပ်သို့၊ စိတ်ချုပ်မဖွင့် ဒီစကားကို မြဲမြဲမှတ်ထား၊ သာမဏေဘောင်မှာတွင် မဟုတ်ဘူး၊ လူ့ဘောင်မှာလည်း သုံးလေ၊ ငါ့မြေးကို ဘိုးဘိုးရှင်ဘွဲ့ ဘယ်လိုပေးခဲ့သလဲ"

"ပညာသာမိလို့ပါ ဘုရား"

"အဓိပ္ပာယ်ကကော"

"ပညာကို ပိုင်သူပါ ဘုရား"

"အိမ်း . . . ငါ့မြေးမှာ ပညာပါရမီပါတယ်၊ ဆင်းရဲပေမယ့် အားမလျှော့နဲ့ ငါ့မြေး၊ မိခင်ကို လုပ်ကျွေး၊ မိခင်ကို လုပ်ကျွေးသူဟာ ဒီလောကမှာ ဘာမဆိုရလိမ့်မယ်၊ ဘိုးဘိုးပြောတာ ကြားလား "

"ကြားပါတယ် ဘုရား"

"လောကမှာ ငါ့မြေးခရီးဆက်သွားဖို့ ဘိုးဘိုးအဆောင်တစ်ခုပေးလိုက်မယ်၊ တချို့တွေက ငါ့ဆီလာပြီး တောက်တီးတောက်တဲ့တွေ လိုချင်ကြတယ်၊ ငါကတော့ ဘုရားကြိုက်တာပဲပေးနိုင်တယ်၊ ငါ့မြေးကိုလည်း ပေးလိုက်မယ်၊ 'အနိစ္စံသခ်ံတံ၊ ပဋ္ဌိစ္စသမုပ္ပါဒံ၊ ခရဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓ ဓမ္မံ၊ ခပတိ'ဘိုးဘိုးသင်ပေးထားတာ ငါ့မြေးရတယ် မဟုတ်လား"

"ရပါတယ် ဘုရား"

"အိမ်း . . . မမေ့နဲ့ . . . မမေ့နဲ့၊ ပူပန်ရင် ဒါကိုသတိရ၊ ငါ့မြေး လျှောက်ရမယ့်လမ်းက ပူပန်မယ့်လမ်းကြီး၊ ဘိုးဘိုးလည်း မတားသာဘူး၊ ပုထုဇဉ်တို့ ကြိုက်တဲ့လမ်းကိုး၊ ကဲ . . . ကန်တော့ . . . ကန်တော့"

မြင့်နွယ်သည် ဆရာတော်ကို ဦးသုံးကြိမ်ချပြီး ပုဆိုးနှင့်ထုပ်ထားသော အထုပ်ကလေးကိုပိုက်၍ ကျောင်းအောက်သို့ ဆင်းလာခဲ့သည်။

ညနေစောင်းစပြုပြီ။ မြစ်တွင်း အဝေးတစ်နေရာဆီမှ မော်တော်သံ တဘုတ်ဘုတ်ကို ကြားနေရသည်။

မြင့်နွယ်၏ ရင်တွင်း၌ ဝမ်းနည်းသကဲ့သို့ဖြစ်မိသည်။ သာမဏေဘဝကို ပြန်လွမ်းသကဲ့သို့ ရှိနေသည်။

ကျောင်းအောက်ထပ်ရှိ ကွပ်ပျစ်ပေါ်တွင် ဦးပဍ္ဍင်း ဦးပဏ္ဍိတ စာတစ်အုပ်ကို အသံထွက်ဖတ်နေသည်။

"ရှေးလျှင်ဘဝ၊ ဖြစ်သမျှကို၊ ခြင်းတစေ့စေ့၊ ကြံအောက်မေ့၍၊ ယနေ့ကျွန်ုပ်၊ ဆယ်ချောင်းရုပ်လျက်၊ တုန်လှုပ်မထင်၊ လျှောက်ပါချင်အံ့၊ အရှင်ဘုရား၊ သုံးလူ့ဖျားကား၊ ရှည်လျားဘဝ၊ ကျင်လည်ကြ၍၊ ဓမ္မသာမဏေ၊ ကောင်းသောထွေဖြင့်၊ ဖြစ်လေသောခါ၊ ကျွန်ုပ်မှာမူ၊ လက္ခဏာအင်ညီ၊ နတ်နှင့်ပြီမျှ၊ နှိုင်းဤမမြင်၊ ဇမ္ဗူပြင်၌၊ ကျော်ထင်ပေါက်ပြ၊ လွန်ကျူးလှ၍၊ ရူပသာရီ၊ ခေါ်ညီတွင်ထ၊ ထိုမိမ္မလျှင်၊ ဘဝမကွာ၊ ဖြစ်သောခါ၌ . . ."

အနီးကပ်လာသော မြင့်နွယ်၏ခြေသံကို ကြားရသောကြောင့်ထင်သည်၊ ဦးပဍ္ဍင်းက စာဖတ်သည်ကို ရပ်လိုက်၏။

မြင့်နွယ်က ကွပ်ပျစ်ထက် တက်ထိုင်ပြီး ဦးပဍ္ဍင်းကို ဦးချသည်။

"ဘာစာဖတ်နေတာလဲ ဦးပဍ္ဍင်း"

ဦးပဍ္ဍင်းက စာအုပ်ကို ထောင်ပြသည်။

"ယသော်ဓရာ ကန်တော့ခန်းပျို့ကွ"

ဦးပဍ္ဍင်း ဦးပဏ္ဍိတမှာ မန္တလေးတွင် စာသင်ခဲ့ဖူးသည်။ ဓမ္မကထိကအဖြစ် ယပ်လှဲတရားဟော အလွန်ကောင်းသည်။ ပျို့၊ ကဗျာတို့ကို လိုက်စား၍ စာစုလည်း အလွန်ဝါသနာပါသည်။ စာပေကဗျာအရာ၌ မြင့်နွယ်၏ ဆရာတစ်ဆူလည်းဖြစ်သည်။

"ယသော်ဓရာ ကန်တော့ခန်းပျို့၊ နာမည်က ဆန်းတယ်နော် ဦးပဍ္ဍင်း"

"အကြောင်းအရာကလည်း ဆန်းသကွယ့်၊ရသလည်း အစုံပါတယ်၊ ဦးစန္ဒမဉ္ဇူ စပ်ထားတာ"

"ဘာအကြောင်းလဲ ဘုရာ့"

"လူတွေ တယ်မသိတဲ့အကြောင်း၊ အံမယ် လွမ်းစရာတော့ အတော်ကောင်းသကွယ့်၊ ရာဟုလာ မယ်တော် ယသော်ဓရာဟာ ရဟန္တာမ ဖြစ်သွားတာ မင်းသိတယ်နော်"

"တင်ပ့ါဘုရား"

"အေး. . . အတိုပဲ ချုံ့ပြောမယ်၊ ယသော်ဓရာထေရီဟာ ရဟန္တာမလည်းဖြစ်ရော ဈာန်နဲ့ ဆင်ခြင်ကြည့်တော့ ခုနစ်ရက်အတွင်းမှာ ပရိနိဗ္ဗာန်ဝင်ရမှာသိတယ်၊ ပရိနိဗ္ဗာန် မဝင်ခင်မှာ မြတ်စွာဘုရားကို အားရအောင် ပူဇော်မယ်ဆိုပြီး ဘုရားရှင် ရှေ့တော်ဆီကြွတယ်၊ ပြီးတော့ သူရထားတဲ့ တန်ခိုးနဲ့ အမျိုးမျိုးဖန်ဆင်းပြပြီး ဘုရားကို အဲ. . . တန်ခိုးနဲ့ပူဇော်တယ်၊ သာဝကတွေပြတဲ့ တန်ခိုးတွေမှာ ယသော်ဓရာပြသွားတဲ့တန်ခိုးဟာ အလွန်မြင့်တယ်ပေါ့"

ဦးပဍ္ဍင်းသည် စကားကိုရပ်လိုက်ပြီး ခေတ္တစဉ်းစားသယောင် ငြိမ်နေ၏။ ပြီးမှ လေသံတစ်မျိုးနှင့်ဆက်သည်။

"ပုထုဇဉ်လောကမှာ လင်ရယ် မယားရယ်နဲ့ ချစ်လိုက်ကြတာ၊ သေကွဲများ ကွဲရမှာကို ကြိုတင်သိရင် မချိတင်ကဲ ဘယ်လောက်များ ဖြစ်ကြလိမ့်မလဲ၊ ဒါတော့ သူတို့ချစ်သက်ဟာ ဘယ်လောက်များရှည်လို့လဲ၊ ယသော်ဓရာဟာတော့ ဘုရားအလောင်းနဲ့အတူ ပါရမီဖြည့်ခဲ့ရတဲ့ ဘဝတွေဟာ မရေမတွက်နိုင်အောင်ပဲ၊ အင်း . . . သံယောဇဉ်ပြိုင်စတမ်းဆိုရင် ယသော်ဓရာကို ဘယ်သူလာမီပါ့မလဲ၊ အခုတော့ကြည့်စမ်း. . . ဘဝအဆက်ဆက် ပါရမီဖြည့်ခဲ့ရတဲ့ မြတ်စွာဘုရားနဲ့ခွဲခွာပြီး ကိုယ်ကအရင် ပရိနိဗ္ဗာန်ပြုရတော့မယ်၊ အဲ. . . အာသဝေါကုန်တဲ့ ရဟန္တာမဆိုတော့ ဘယ်မှာတုန်လှုပ်ပါ့မလဲ၊အံ့ဖွယ်သူရဲပဲ "

> ❝ ပုထုဇဉ်လောကမှာ လင်ရယ် မယားရယ်နဲ့ ချစ်လိုက်ကြတာ၊ သေကွဲများ ကွဲရမှာကို ကြိုတင်သိရင် မချိတင်ကဲ ဘယ်လောက်များဖြစ်ကြလိမ့်မလဲ၊ ဒါတော့ သူတို့ ချစ်သက်ဟာ ဘယ်လောက်များရှည်လို့လဲ၊ ယသော်ဓရာဟာတော့ ဘုရားအလောင်းနဲ့အတူ ပါရမီဖြည့်ခဲ့ရတဲ့ ဘဝတွေဟာ မရေမတွက်နိုင်အောင်ပဲ၊ အင်း . . . သံယောဇဉ် ပြိုင်စတမ်းဆိုရင် ယသော်ဓရာကို ဘယ်သူလာမီပါ့မလဲ ❞

ဦးပဍ္ဍင်းက လှိုက်လှိုက်လှဲလှဲ ပြောပြနေသည်။ မြင့်နွယ်ကလည်း စိတ်ဝင်စားစွာ နားထောင်နေ၏။

"ယသော်ဓရာဟာ မြတ်စွာဘုရားကို တန်ခိုးနဲ့ ပူဇော်ပြီးတဲ့နောက် သံသရာဘဝအဆက်ဆက်တွေမှာ ကိုယ်တော့်အပေါ် သူပြုခဲ့ဖူးတဲ့ အပြစ်တွေရှိခဲ့တာမို့ ဒီအပြစ်တွေကို ခွင့်လွှတ်တော်မူပါဆိုပြီး ကန်တော့တောင်းပန်တယ်၊ ဦးစန္ဒမဉ္ဇူရဲ့စာက ဒီလိုလာတယ်၊ နားထောင်ကြည့်၊ ဒီပကၤရာ၊ ပွင့်လင်းခါဝယ်၊ ပဒ္ဓနာဆုတောင်း၊ ရေစက်ဟောင်းကြောင့်၊ စုံပေါင်းတူပင်၊ မြတ်ချစ်ရှင်နှင့်၊ ဆက်ကျင်ဘဝ၊ မြဲကြပါ၏၊ ခုမှသော်ကား၊ မယ့်ထိပ်ထားနှင့်၊ ခွာသွားဝေးကြီး၊ မသွေသီးတိ၊ ဇနီးမယ်လျှ၊ တပေါင်းလဟု၊ စန္ဒပုဏ္ဏမာ၊ ပြည့်စုံခါဝယ်၊ မှန်စွာနေ့ကျ၊ ရက်ဗုဒ္ဓ၌၊ ည၌မှ သန်းခေါင်၊ နိဗ္ဗာန်ဆောင်အံ့၊ များမြောင်လှပေ၊ လေးသင်္ချေနှင့်၊ သိန်းနေကမ္ဘာ၊ ကျင်လည်ခါလည်း၊ ကျွန်မှာအပြစ်၊ ရှိဖြစ်သည်ကို၊ စင်စစ်ကြွင်းမဲ့၊ လျှောက်ခဲ့ပါအံ့ . . . တဲ့၊

လွမ်းစရာ မကောင်းဘူးလားကွ"

"ကောင်းတယ်ဘုရာ့၊ ဦးပဍ္ဍင်းအသံကလည်း ကောင်းကောင်းနဲ့ ဝါတွင်းမှာ တစ်ချီလောက်ဟောလိုက်ရင် ဒကာမတွေ မျက်ရည်ကျကုန်မယ်"

" ဒကာမတွေတော့ မသိဘူး၊ မင်းမျက်ရည်ကျမယ့် တစ်ကွက်ပါတယ် "

"ဘယ်လို၊ တပည့်တော် မျက်ရည်ကျမယ့်အကွက်"

"ယသော်ဓရာက အပြစ်လွှတ်ဖို့ ခွင့်တောင်းတဲ့အခါမှာ ရိုးရိုးလျှောက်တာမဟုတ်ဘူး၊ ရှေးဘဝက ဖြစ်ခဲ့တဲ့ ဇာတ်လမ်းလေးတွေကို ပြန်ပြန်ပြောပြပြီး လျှောက်တာ"

" အဲဒါနဲ့ တပည့်တော် မျက်ရည်ကျရမှာက ဘာဆိုင်လို့တုန်း"

"ဆိုင်တာကို နားထောင်၊ ဩော် . . . ဒါထက် ဟိုနေ့က ဒကာမလေးရဲ့ နာမည်က ဘယ်သူ"

"ဘယ်ဒကာမလေးလဲ ဘုရာ့"

"အံမာ၊ မေ့ချင်ယောင်ဆောင်မနေစမ်းပါနဲ့၊ ဟို အရေးပိုင်သမီးလေးဟာ"

**(ဆက်လက်ဖော်ပြပါမည်)**


လိုနေသူကို ပေးမကျဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
ဆရာမိုး Follow Me Ph.D (USA)
Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2)
ENGLISH 4 SKILLS Level (1)
Essay, Letter
Mar 2
4 SKILLS Level(1,2,3) Dip ESL (USA)
SPEAKING
ENGLISH 4 SKILLS Basic Level, March 5
Grammar, Letter, Essay
Ph.D
0943125393
01 295798, 398118

အပျော်ခရီး ကမ္ဘာတစ်ခွင် (International Tours Standard)
Angkor Wat
Amazing Time Travels Co.Ltd
Phone : 01 652447, 01 663972
Phone: 01 527445, 09 73120852, 09 43064845

MYANMAR THAMES INTERNATIONAL(MTI)
Diploma In Business (L3,L4,L5)
2nd Floor, Myay Ni Gone Plaza, Tel: 525971,706740,501450

KBZ BANK

# ကမ္ဘောဇဘဏ်လီမိတက် ၏ (၉၈)–ခုမြောက်

# လှည်းတန်းဘဏ်ခွဲ ကို

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်တွင်

## ၂၆.၂.၂၀၁၃ (အင်္ဂါနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

## ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

## မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

ဆက်သွယ်ရန်လိပ်စာ

**လှည်းတန်းဘဏ်ခွဲ**

အမှတ်(၂/ဂ)၊ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – (၀၁) ၂၃၀၅၀၈၉/၉၀/၉၁/၉၂/၉၃/၉၄
ဖက်စ် – (၀၁) ၂၃၀၅၀၉၅/၉၆/၉၇/၉၈

**www.kbzbank.com**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ်(၈)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှပေးပို့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းအဆိုပြုထားခြင်းနှင့်စပ်လျဉ်းသည့် သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး အဆိုပါ သဝဏ်လွှာကို လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

သဝဏ်လွှာနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က "ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၁ အရ နိုင်ငံတော်သမ္မတမှအဆိုပြုသူသည် ခုံရုံးအဖွဲ့၏ဥက္ကဋ္ဌဖြစ်ရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူရန်လိုအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေအရ ခုံရုံးဥက္ကဋ္ဌကို နိုင်ငံတော်သမ္မတက အဆိုပြုသူ(၃)ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုသူ(၃)ဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပြုသူ(၃)ဦး စုစုပေါင်း(၉)ဦးထဲက နိုင်ငံတော်သမ္မတနဲ့ လွှတ်တော်နှစ်ရပ်က ဥက္ကဋ္ဌနှစ်ဦးတို့ညှိနှိုင်းပြီး နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့ပြီး လွှတ်တော်၏သဘောတူညီချက်ဖြင့် ဥက္ကဋ္ဌရွေးချယ်ခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်တွင် သမ္မတ၏သဝဏ်လွှာကို ဖတ်ပြခြင်းအားဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး ပုဂ္ဂိုလ်(၃)ဦး၏ ပေါင်းစပ်ညှိနှိုင်းပုံ နည်းစနစ်ကို ပြည်သူများမှလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များမှလည်းကောင်း ဆင်ခြင်သုံးသပ်နိုင်၍ သဘောကျနှစ်ခြိုက်မှုရှိပါတယ်"ဟုပြောပြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် နောက်ဆက်တွဲ ၂(က) ဖြင့်တင်ပြထားသော စီမံကိန်းအကြောင်းအရာများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၁၇) ဦးတို့က ဆွေးနွေးကြသည်။ **စာမျက်နှာ ၇ ကော်လံ ၅ သို့** ❖

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ

## ကချင်အသင်း နှစ်ပွဲဆက်အနိုင်ရ

သတင်း - စိုင်းညီလေး ➤➤ ဓာတ်ပုံ - ခွန်ငယ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၁၃ ဆီးဂိမ်းအကြို ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို နေပြည်တော်ဝဏ္ဏသိဒ္ဓိကွင်း၌ ဆက်လက်ကျင်းပရာ **စာမျက်နှာ ၉ ကော်လံ ၃ သို့** ❍



## လေးနိုင်ငံခရီးကြမ်း ကားမောင်းပြိုင်ပွဲ မြန်မာနိုင်ငံတွင် နှစ်ညအိပ်ရပ်နားမည်

**မုံရွာ ဖေဖော်ဝါရီ ၂၅**

လေးနိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ် BCIM (၁၁)ကြိမ်မြောက် အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် BCIM Car Rolly 2013 (ခရီးကြမ်း ကားမောင်းပြိုင်ပွဲ)ကို ပထမဆုံးအကြိမ်အဖြစ် ဖေဖော်ဝါရီ ၂၂ ရက်က အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့မှ မွန်းလွဲ ၁ နာရီတွင် စတင်ထွက်ခွာခဲ့ပြီး မြန်မာနိုင်ငံ၌ နှစ်ညအိပ်ရပ်နားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ခရီးကြမ်း ကားမောင်းပြိုင်ပွဲသည် ကီလိုမီတာ သုံးထောင်ခရီးရှည်လျား၍ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံတို့သို့ ဖြတ်သန်းသွားမည်ဖြစ်ကာ ဖေဖော်ဝါရီ ၂၇ ရက်တွင် မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့မှ ကလေးမြို့သို့ ရောက်ရှိမည်ဖြစ်ပြီး ညအိပ်ရပ်နားမည် ဖြစ်သည်။ ဖေဖော်ဝါရီ ၂၈ ရက်တွင် မန္တလေးမြို့သို့ ရောက်ရှိမည်ဖြစ်ပြီး ညအိပ်ရပ်နားမည်ဖြစ်ကြောင်း၊ ယင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ပြီး မတ်လ ၅ ရက်တွင် ကူမင်းမြို့၌ အဆုံးသတ်မည်ဖြစ်ကြောင်း သိရသည်။ ခရီးစဉ်တွင် ကားအစီးရေ ၂၀ နှင့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာနိုင်ငံတို့မှ အပျော်တမ်းယာဉ်မောင်းသူ စုစုပေါင်း ၈၀ ပါဝင်၍ မြန်မာနိုင်ငံ မှ ၁၇ ဦးအနက် သရုပ်ဆောင် ကောင်းခန့်၊ အေးမြတ်သူ၊ ထက်ထက်စုလှိုင်တို့အပြင် မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းနှင့် လူမှုရေးအဖွဲ့အစည်းများ၊ စိတ်ဝင်စားသူများပါဝင်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**




**ယနေ့ မာတိကာ**

လွှတ်တော်ဟာ ပြည်ထောင်စုအကျိုး၊ ပြည်သူ့အကျိုးကို ဖြစ်ထွန်းစေသော ဥပဒေများပြုဖို့ အဓိကတာဝန်ရှိ — စာမျက်နှာ - ၆

ရွှေလက်ဖြင့်လည်း မခေါ်ချင် ငွေလက်ဖြင့်လည်း မခေါ်လိုကြပါ — စာမျက်နှာ - ၁၁

ကက်ပီတယ်ဝမ်း ဖလား ပထမဆုံးဆွတ်ခူးခဲ့သည့် ဆွမ်ဆီး — စာမျက်နှာ - ၁၂

နည်းပြတွေကို ဓော်ကားသလိုဖြစ်သွားပါတယ် — စာမျက်နှာ - ၁၂

ရွှေနဲ့ခင်းမယ့် ပြေးလမ်းတွေ — စာမျက်နှာ - ၁၃



